မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၆ရက်၊ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာ ၁၄ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၄၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲတွင် ပါဝင်ခင်းကျင်းပြသနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပြခန်းဆောင်ရှိ ပြကွက်များကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ ကြည့်ရှုလေ့လာ

နေပြည်တော် စက်တင်ဘာ ၁၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့်ဇနီးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၀ရက် နံနက် ၁၀နာရီ ၁၅မိနစ်တွင် ရှန်ဟိုင်းမြို့၌ ကျင်းပလျက်ရှိသော ကမ္ဘာ့ကုန်စည်ပြပွဲသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဂါရဝပြုကြိုဆို

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲတွင် ပါဝင်ခင်းကျင်းပြသနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပြခန်းသို့ရောက်ရှိကြရာ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ***စာမျက်နှာ ၈ ကော်လံ ၁*** ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲတွင် ပါဝင်ခင်းကျင်းပြသနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပြခန်းဆောင်၌ တိုင်းရင်းသားရိုးရာဝတ်စုံ ဝတ်ဆင်ထားသည့် ကလေးငယ်များက ဂါရဝပြု ကြိုဆိုကြစဉ်။ (သတင်းစဉ်)

14-9 (01).pmd 1 9/14/2010, 3:54 AM

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် စက်တင်ဘာ ၁၄ ရက်)

တရုတ်–မြန်မာအကျိုးတူစီးပွားရေး အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ဖြစ်ထွန်းခိုင်မာရေး တိုးမြှင့်ဖော်ဆောင်

တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ရှေးပဝေသဏီကပင် နှစ်နိုင်ငံပြည်သူများ ကူးလူးဆက်ဆံခဲ့ကြပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု တိုးတက်ဖြစ်ထွန်းလျက်ရှိသည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံအဖြစ် ကာလကြာရှည်စွာ ရပ်တည်နိုင်ခဲ့ပြီး တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသည့်နိုင်ငံများအနက် တတိယအကြီးဆုံး နိုင်ငံလည်းဖြစ်သည်။

နှစ်နိုင်ငံခေါင်းဆောင်များအကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ခြင်း၊ နိုင်ငံတကာအစည်းအဝေးများတွင် နှစ်ဖက်အရေးကြီးသည့်ကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခြင်းများဖြင့် မဟာဗျူဟာမြောက်ယုံကြည်မှုကို တည်ဆောက်မြှင့်တင်လျက်ရှိသည်။

နှစ်နိုင်ငံစီးပွားကုန်သွယ်မှုများ မြှင့်တင်ဆောင်ရွက်ရာတွင် ကုန်သွယ်မှုပမာဏကြီးမားလာစေရေးအတွက် နှစ်နိုင်ငံအကြား လုပ်ငန်းအဖွဲ့ Working Group ဖွဲ့စည်း၍ မြန်မာ–တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းများအကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးကြပ်ဆောင်ရွက်သွားမည်ဖြစ်သည်။

တရုတ်နှင့်မြန်မာနိုင်ငံအကြားတွင် စွမ်းအင်၊ ရေအားလျှပ်စစ်၊ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ အခြေခံအဆောက်အအုံစသည့် အခြေခံကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများသည် တိုးတက်ဖြစ်ထွန်းလျက်ရှိသည်။

မြန်မာကုမ္ပဏီများ တရုတ်နိုင်ငံဈေးကွက်သို့ဝင်ရောက်ရန် တရုတ်နိုင်ငံက ဖိတ်ခေါ်လျက်ရှိပြီး တရုတ်နိုင်ငံဘက်သို့လည်း ကုန်ပစ္စည်းတိုးမြှင့်တင်သွင်းမှုများကြိုးပမ်းရန်၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံရှိ အင်အားတောင့်တင်းသည့်ကုမ္ပဏီများ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားရန် တရုတ်နိုင်ငံက အားပေးထောက်ခံလျက်ရှိသည်။

ရွှေလီ–ကျောက်ဖြူကားလမ်း၊ ရထားလမ်းဖောက်လုပ်မှုနှင့် ကျောက်ဖြူဆိပ်ကမ်းတည်ဆောက်ရေးဆိုင်ရာများ၊ မြန်မာနိုင်ငံစက်မှုကဏ္ဍထူထောင်ရာတွင် ကူညီဆောင်ရွက်ရေးဆိုင်ရာကိစ္စများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမဖြစ်စေရေး ပူးပေါင်းထိန်းသိမ်းဆောင်ရွက်သွားမည့်အခြေအနေ၊ မြန်မာနိုင်ငံမှ ဘဏ်လုပ်ငန်းများ တရုတ်နိုင်ငံတွင်ဖွင့်လှစ်ဆောင်ရွက်ရေးအခြေအနေနှင့် တရုတ်ကုမ္ပဏီများ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန် အားပေးကူညီမည့်အခြေအနေများကို နှစ်နိုင်ငံဆွေးနွေးကာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ယခုအခါ တရုတ်–မြန်မာနှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကဏ္ဍများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ စီးပွားရေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်လာသည့်နည်းတူ တရုတ်–မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုသည်လည်း ပိုမိုတိုးတက် ဖြစ်ထွန်းခိုင်မာလျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးအုန်းမြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်အားပေး

နေပြည်တော် စက်တင်ဘာ ၁၃

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဦးအုန်းမြင့်သည် စက်တင်ဘာ ၁၀ရက် နံနက် ၁၀နာရီက နေပြည်တော်၌ကျင်းပသည့် သတ္တုတွင်းဝန်ကြီးဌာနမိသားစု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးပြီး စိန်တစ်လုံးသရက်ပင်ကို စိုက်ပျိုးပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဝန်ကြီးဌာနဝင်းအတွင်း စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် အရိပ်ရလေကာပင်များကို စိုက်ပျိုးပေးကြပြီး ဝန်ထမ်းများစုပေါင်း၍ ပျဉ်းကတိုး၊ တမာ၊ ပိတောက်၊ ခရေ၊ ကျွန်း၊ ယင်းမာနှင့် စိန်ပန်းကြီးပင်များ စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (အောက်ပုံ) (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၉-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ ဆရာတော်ဘဒ္ဒန္တသောဘန ဟောကြားတော်မူသော တရားတော်
- ၆း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း–၁၃)
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း–၁၀၇)
- ၈း၄၀ Activities in the City
  - School of Logistics and Supply Chain Management က ကျင်းပသော Diploma in Shipping Business(UK) အတွက် မိတ်ဆက်ပွဲ
  - MAMEE ရဲ့ချက်ချင်းဝယ် ချက်ချင်းပေါက်ကံစမ်းမဲ သင့်ရှေ့အရောက်ဆုချီးမြှင့်ပွဲ
- ၉း၁၅ ဆေးဖက်ဝင်… ဝင်ငွေတိုး ဝဥပင်ကိုပျိုး
- ၉း၃၀ Cartoon Show Time (ARTHUR)
- ၁၁း၁၀ မေတ္တာပန်းကုံးသီကာလွှမ်း ဝိဇ္ဇာတမွေးနေ့ အလှူဆန်း
- ၁၀း၂၅ နှလုံးကျန်းမာသက်ရှည်ရန်သိဖွယ် နည်းလမ်းများ (ပထမပိုင်း) (ပါမောက္ခဒေါက်တာမြသိန်းဟန်)
- ၁၀း၄၅ Celebrity Style (ဂန္ဓဝင်)
- ၁၁း၂၀ International Show Biz
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၀ သင်ကြားရေးလမ်းညွှန် (Gallant Training Centre)
- ၁၂း၃၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ကြက်ဥခေါက်ဆွဲ၊ဝက်သားလုံးနှင့် နိုင်လွန်ပုစွန်)
- ၁၂း၄၀ မေတ္တာတရားနဲ့အေးချမ်းတဲ့ ထမ့်စန်းလိုဏ်ဂူ
- ၁း၀၀ ဆရာတော်ဘဒ္ဒန္တသောဘန ဟောကြားတော်မူသော တရားတော်
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Shooting Making (**အမေ့သားလေး ပူတူးတူး** ဒီဗွီဒီဇာတ်ကားရိုက်ကွင်း)
- ၂း၄၅ Activities in the City School of Logistics and Supply Chain Management ကကျင်းပသော Diploma in Shipping Business(UK)အတွက် မိတ်ဆက်ပွဲ
- ၃း၀၅ တေးဂီတအစီအစဉ်
- ၃း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း–၁၃)
- ၄း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း–၁၀၇)
- ၄း၃၅ ဆေးဖက်ဝင်… ဝင်ငွေတိုး … ဝဥပင်ကိုပျိုး
- ၄း၅၅ The Champion of Dance
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ MRTV-4 ကျန်းမာရေးကဏ္ဍ (သွားများကို ဖြူဖွေးသန့်စင်အောင် ကုသနည်း)
- ၆း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း–၁၄)
- ၇း၁၅ Celebrity Choice (ဇော်ပိုင်)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ သူတို့ဘဝ သူတို့ဟာသ (စူပါဘဲတော)
- ၈း၅၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း–၁၀၈)
- ၁၀း၁၀ အနုပညာမိုးကောင်းကင်
- ၁၀း၃၅ စာအုပ်ပြခန်း (ပုံပြင်ကမ္ဘာကလေးရုပ်စုံစာစောင် ထုတ်ဝေသူဦးမြင့်ထွန်းနှင့်တွေ့ဆုံခြင်း)
- ၁၀း၄၅ Activities in the City MAMEE ရဲ့ချက်ချင်းဝယ် ချက်ချင်းပေါက်ကံစမ်းမဲ သင့်ရှေ့အရောက်ဆုချီးမြှင့်ပွဲ
- ၁၁း၀၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ကြက်ဥခေါက်ဆွဲ၊ဝက်သားလုံးနှင့် နိုင်လွန်ပုစွန်)
- ၁၁း၁၀ မေတ္တာပန်းကုံးသီကာလွှမ်း ဝိဇ္ဇာတ မွေးနေ့အလှူဆန်း
- ၁၁း၂၅ World of Knowledge (Operation Cruise Ship)
- ၁၂း၁၀ **အဆုံးအဖြတ်** ခန့်စည်သူ၊ အေးမြတ်သူ၊ ငှက်ပျောကြော်၊ မျိုးမျိုးခိုင်၊ ကျင်ဝှက်၊ သိန်းဇံ (ဒါရိုက်တာ–ဖုန်းမြင့်အောင်)
- ၁၂း၂၅ **ဘဝများ** (တေးသံရှင် R ဇာနည်ရဲ့တေးသံရှင်ဘဝအကြောင်း)
- ၁၂း၅၅ မြန်မာ့ခြင်းလုံး
- ၁း၀၅ လှုပ်ရှားစုံစုံမြန်မာ့သုခုမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင်) (အပိုင်း–၁)
- ၁း၃၅ ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
- ၁း၄၀ တိရစ္ဆာန်လေးတွေမွေးကြမယ် (ငါးကန်အလှဆင်ခြင်း)
- ၂း၀၅ မင်းလှရေလှောင်တမံ
- ၂း၁၀ ဆန်းသစ်အလှတိုး ရွှေချည်ထိုး
- ၂း၃၅ မျှော်လင့်ခြင်း၏ အလင်းရောင်သစ်
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ Box Office Movies (300)
- ၄း၃၀ စွမ်းအင်တို့ရဲ့နှိုးစက် (ကခုန်ခြင်းနှင့်အားကစား)
- ၄း၅၀ မေတ္တာတရားနဲ့အေးချမ်းတဲ့ ထမ့်စန်းလိုဏ်ဂူ

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မျိုးဆက်ပွားကျန်းမာရေးပညာပေးသင်တန်း ပေါင်မြို့နယ်၌ဖွင့်

ပေါင် စက်တင်ဘာ ၁၃

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် မျိုးဆက်ပွားကျန်းမာရေးပညာပေးသင်တန်းကို စက်တင်ဘာ ၈ရက် နံနက် ၈နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ပေါင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမင်းသန့်ဇင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေး (ဗဟို)မှ ဒေါက်တာဥမ္မာက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော သင်တန်းသား သင်တန်းသူများအား မျိုးဆက်ပွားကျန်းမာရေး ပညာပေးအစီအစဉ်များကို ဆွေးနွေးပို့ချပေးခဲ့သည်။

တက်ရောက်

အဆိုပါသင်တန်းကို သင်တန်းသား သင်တန်းသူ ၄၂ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ဆိုင်းဘုတ်စိုက်ထူ

မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ခရိုင်ချင်းဆက်လမ်းပေါ်၌ လမ်းအမှတ်အသား ဆိုင်းဘုတ်စိုက်ထူခြင်းကို ဩဂုတ် ၂၈ရက်က အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ရှန်းကျန့်မြို့ရှိ **HUAWEI TECHNOLOGIES CO.,LTD.** မှ ထုတ်လုပ်သည့် ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ၊ နေရောင်ခြည်စွမ်းအားဖြင့် အသုံးပြုထားသော ဆက်သွယ်ရေးပစ္စည်းများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

❍ ကျောဖုံးမှ

ကြိုဆို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် နံနက် ၈နာရီ ၄၅မိနစ်တွင် HUAWEI TECHNOLOGIES CO.,LTD. သို့ ရောက်ရှိကြရာ HUAWEI ကုမ္ပဏီဥက္ကဋ္ဌ Mrs. Sun Yafang နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် HUAWEI TECHNOLOGIES CO.,LTD.မှ ထုတ်လုပ်သည့် ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းများ၊ နေရောင်ခြည်စွမ်းအားဖြင့် အသုံးပြုထားသော ဆက်သွယ်ရေး ပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

တင်ပြဆွေးနွေး

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား HUAWEI TECHNOLOGIES CO.,LTD. အစည်းအဝေးခန်းမ၌ HUAWEI TECHNOLOGIES CO.,LTD. ဥက္ကဋ္ဌနှင့်အဖွဲ့က ဆက်သွယ်ရေးဆိုင်ရာ ကဏ္ဍများနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးကြသည်။

ရှေးဦးစွာ HUAWEI TECHNOLOGIES ကုမ္ပဏီဥက္ကဋ္ဌက ကုမ္ပဏီမှ ထုတ်လုပ်သည့် ပစ္စည်းများနှင့်စပ်လျဉ်း၍ အရည်အသွေးမြင့် ထုတ်လုပ်လျက်ရှိသည့် အခြေအနေကို ဦးစွာ မိတ်ဆက်တင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့အား Mr.Yang Shu က HUAWEI TECHNOLOGIES ကုမ္ပဏီမှ ထုတ်လုပ်သည့် ဆက်သွယ်ရေးပစ္စည်းများ၏ စွမ်းရည်၊ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာတွင် အသုံးပြုမှုအခြေအနေ၊ မြန်မာနိုင်ငံတွင် ကုမ္ပဏီဖွင့်လှစ် ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် နည်းပညာ တိုးတက်မှုနှင့်အညီ ကုန်ပစ္စည်းများ အရည်အသွေးမြင့်တင်ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်က မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးကွန်ရက် ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် နိုင်ငံတကာသို့ ဆက်သွယ်ဆောင်ရွက်နိုင်ရန် စီမံထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး သိလိုသည်များကို မေးမြန်းသည်။

ပြန်လည်ဖြေကြား

ယင်းနောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက ရတနာပုံ တယ်လီပို့ ဖွင့်လှစ်ပြီး IT နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသဖြင့် ကုမ္ပဏီမှ IT နည်းပညာဆိုင်ရာ သင်ကြားပေးနိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းရာ ကုမ္ပဏီဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် HUAWEI TECHNOLOGIES CO.,LTD. မှ ထုတ်လုပ်သည့် ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းများကို ကုမ္ပဏီဒုတိယဥက္ကဋ္ဌ Mr. Wang Sheng Li က ဝန်ကြီး ဦးသိန်းဇော်ထံ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့သည် ရှန်းကျန့်ပြတိုက်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ ဒုတိယပြတိုက်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့သည် ပြတိုက်တွင် ပြသထားသည့် ရှန်းကျန့်မြို့ သမိုင်းကြောင်းနှင့် အစိုးရနှင့်ပြည်သူတို့ ပူးပေါင်း၍ ရှန်းကျန့်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သည့် မှတ်တမ်းပြကွက်များကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ဒုတိယပြတိုက်မှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ရှန်းကျန့်မြို့ရှိ **HUAWEI TECHNOLOGIES CO.,LTD.** မှ ထုတ်လုပ်သည့် နေရောင်ခြည်စွမ်းအားဖြင့် အသုံးပြုထားသော ဆက်သွယ်ရေးပစ္စည်းများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရှန်းကျန့်ပြတိုက်မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ခေတ္တတည်းခိုသည့် ဖူးထရန့်ရှန်ဂရီလာဟိုတယ်သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၄-၉-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈း၀၀ ၆။ နှောင်းခေတ် တေးပဒေသာ
၈း၁၀ ၇။ အဆိုပြိုင်ပွဲ
၈း၂၅ ၈။ **လက်တွေ့ပြချင်လို့**
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၅ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၄၀ ၄။ **အလျော်အစား**
၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (စီးပွားစီမံအထူးပြု) (စီးပွားစီမံ)
၅း၁၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၂၀ ၇။ ကြေးမုံရိပ်သွင်တေးနှယဉ်
၅း၃၅ ၈။ မြန်မာ့ရိုးရာခြင်းလုံးခတ် ကစားခြင်းအကြောင်း သိကောင်းစရာ
၅း၄၅ ၉။ ရင်မှာစွဲထင်တေးအလှသံစဉ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၅၀ ၁၃။ ဆိုလိုက်ကြစို့
၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာဆန်သူ… ကိုယ့်ချစ်သူ** (အပိုင်း-၁၇)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံတော်အတွက် ထာဝရသစ္စာ စောမင်းနောင်နှင့်အဖွဲ့ (တေးရေး-စန္ဒရားကွန်းဇော်)
၁၉။ ရယ်စရာဟာသများ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (ဒုတိယတွဲ) (အပိုင်း-၂၇)
၂၁။ **ရုပ်ရှင်ပဟေဠိ**
၂၂။ အစီအစဉ်ပြီး၏။

သံအမတ်ကြီး ဦးသန့်ကျော်အား နယ်သာလန်နိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် စက်တင်ဘာ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသန့်ကျော်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် နယ်သာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား တရုတ်ကွန်မြူနစ်ပါတီ ရှန်ဟိုင်းမြူနီစီပယ်ကော်မတီ အမြဲတမ်းကော်မတီ အတွင်းရေးမှူး ဂါရဝပြုတွေ့ဆုံ

လာရောက်တွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား တရုတ်ကွန်မြူနစ်ပါတီ ရှန်ဟိုင်းမြူနီစီပယ်ကော်မတီ အမြဲတမ်းကော်မတီ အတွင်းရေးမှူး Mr. Yu Zheng Shen ရှန်ဟိုင်းမြို့ ရှီးကျောင်းနိုင်ငံတော်ဧည့်ဂေဟာရှိ ကွန်ဖရင့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား တရုတ်ကွန်မြူနစ်ပါတီ ရှန်ဟိုင်းမြူနီစီပယ်ကော်မတီ အမြဲတမ်းကော်မတီအတွင်းရေးမှူး Mr. Yu Zheng Shen သည် စက်တင်ဘာ ၁၀ရက် ညနေ ၄နာရီတွင် ရှန်ဟိုင်းမြို့ ရှီးကျောင်းနိုင်ငံတော်ဧည့်ဂေဟာရှိ ကွန်ဖရင့်ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)သီဟသူရဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်နှင့် ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တက်ရောက်

ထို့အတူ တရုတ်ကွန်မြူနစ်ပါတီ ရှန်ဟိုင်းမြူနီစီပယ်ကော်မတီ အမြဲတမ်းကော်မတီ အတွင်းရေးမှူး Mr.Yu Zheng Shen နှင့်အတူ အဆင့်မြင့်အရာရှိကြီးများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာယဲ့တာပိုတို့ တက်ရောက်ကြသည်။

ဆက်လက်ထွက်ခွာ

ညနေပိုင်းတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် ရှန်ဟိုင်းမြို့ ရှီးကျောင်းနိုင်ငံတော်ဧည့်ဂေဟာမှ မော်တော်ယာဉ်များဖြင့်ထွက်ခွာခဲ့ရာ ရှန်ဟိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ည ၇နာရီခွဲတွင် ရှန်းကျန့်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ကြိုဆို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များအား ရှန်းကျန့် ဒုတိယမြို့တော်ဝန် Mr. Zhang Wen နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ရှန်းကျန့်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ခေတ္တတည်းခိုမည့် ဖူးထရန့်ရှန်ဂရီလာ ဟိုတယ်သို့ ရောက်ရှိရပ်နားကြသည်။ **(သတင်းစဉ်)**

ကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၃

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းက ကြီးမှူးကျင်းပသော ကျင့်ဝတ်နှင့် နည်းပညာဆိုင်ရာဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၄ရက် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ မြန်မာအင်ဖိုတက်ခ် အခန်းအမှတ် ၂၀၅၌ ကျင်းပမည် ဖြစ်ကြောင်းသိရသည်။ **(ကွန်ပျူတာပညာရှင်အသင်း)**

တောင်ပိုင်းဒေသများ မိုးအနည်းငယ်ပိုလာနိုင်

နေပြည်တော် စက်တင်ဘာ ၁၃

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

စက်တင်ဘာ ၁၄ရက် ညနေအထိခန့်မှန်းချက်မှာ ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးအနည်းငယ်ပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်-နေ့လယ်-ည)

၁၅-၉-၂၀၁၀

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တရားတော် (တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ဂုဏ်တော်ကွန်ချာ)
ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၁၀:၀၀ အမှတ်တရတေးလက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၅၇)
နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀ ဆိုကြပျော်ရွှင်တေးသံစဉ် တေးပဒေသာ
၁၂:၀၀ စံတော်ချိန် တေးသီချင်း
၁၂:၂၅ ဇာတ်လမ်းပမာနားဆင်စရာ **(ကော်ဖီနှစ်ခွက်)**
၁၂:၄၅ တေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၃၀ စစ်သည်အတွက်တေးလက်ဆောင်
၁၇:၀၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ပုံလုံသီးဝက်သားအစာသွတ်နှင့် ပဲစင်းငုံဟင်းချို)
၁၇:၁၀ Current Song
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ တေးပဒေသာ
၁၇:၃၅ အင်္ဂလိပ်စာသုတပဒေသာ(၂၄)
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့် (၆၇)
၁၈:၂၀ ကျေးလက်ဇာတ်လမ်း (ရေချိုးမိုးချိုး)
၁၈:၃၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၀၅ သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
၁၉:၁၅ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (အကယ်ဒမီခင်စိုးပိုင်)
၁၉:၃၀ တေးပဒေသာ
၁၉:၄၀ ဝတ္ထုတိုခံစားမှု (ခုတော့သိပါပြီ)
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၂၀ သူ့ခေတ်သူ့အခါတေးကမ္ဘာ စီးပွားရေးဦးတည်ချက်
၂၀:၅၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ကြပ်ထုပ်အကြောင်း သိကောင်းစရာ) လူမှုရေးဦးတည်ချက်
၂၁:၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
၂၁:၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၁:၅၉ အဖိတ်နေ့နှိုးဆော်ချက်
၂၂:၀၀ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၃

ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်က Avoidance of Double Tax Treaties and Witholding Tax ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို စက်တင်ဘာ ၂၆ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းရုံးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကြိုတင်ပေးအပ်

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် စက်တင်ဘာ ၂၂ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အသင်းရုံးခန်း (အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ မေးမြန်းလိုသည့် မေးခွန်းများကို စက်တင်ဘာ ၁၇ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ရုံးခန်းသို့ ကြိုတင်ပေးအပ်ရမည်ဖြစ်ကြောင်း သိရသည်။

စာရင်းပေးနိုင်

လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံး ဖုန်း-၂၁၄၆၅၃သို့ ကြိုတင်ဆက်သွယ် စာရင်းပေးနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရှန်းကျန့်မြို့တော်ဝန် လာရောက်ဂါရဝပြုတွေ့ဆုံ

လာရောက်တွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ရှန်းကျန့်မြို့တော်ဝန် Mr.Xu Qin က ရှန်းကျန့်မြို့ရှိ ဖူးထရန့်ရှန်ဂရီလာဟိုတယ် Grand Ballroom (1) ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်းကျန့်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရှန်းကျန့် မြို့တော်ဝန် Mr.Xu Qin သည် စက်တင်ဘာ ၁၁ရက် မွန်းလွဲ ၁နာရီတွင် ရှန်းကျန့်မြို့ရှိ ဖူးထရန့်ရှန်ဂရီလာဟိုတယ် Grand Ballroom(1) ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အလားတူ ရှန်းကျန့်မြို့တော်ဝန် Mr. Xu Qin နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို၊ ရှန်းကျန့်အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယဥက္ကဋ္ဌ Mr. Ji Jusheng၊ ရှန်းကျန့် ဒုတိယမြို့တော်ဝန် Mr.Zhang Wen၊ တရုတ်ကွန်မြူနစ်ပါတီ ရှန်းကျန့်ကော်မတီမှ Mr. Chen Siping နှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထိုသို့ တွေ့ဆုံပြီးနောက် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရှန်းကျန့်မြို့တော်ဝန် Mr. Xu Qin နှင့် အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

တည်ခင်းဧည့်ခံ

ယင်းနောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရှန်းကျန့်မြို့တော်ဝန်က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ပြန်လည်ထွက်ခွာရန် ခေတ္တတည်းခိုသည့် ဖူးထရန့်ရှန်ဂရီလာဟိုတယ်မှ မော်တော်ယာဉ်များဖြင့် ရှန်းကျန့်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထွက်ခွာခဲ့ကြသည်။

ပို့ဆောင်နှုတ်ဆက်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်နှင့် ဇနီး၊ ရှန်းကျန့် ဒုတိယမြို့တော်ဝန် Mr. Zhang Wen၊ စစ်သံမှူးဗိုလ်မှူးကြီးတင့်ဝေနှင့်ဇနီးတို့ ဦးဆောင်သောအဖွဲ့က ရှန်းကျန့်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဂါရဝပြု ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြန်လည်ရောက်ရှိ

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသည့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ သက်ဆိုင်ရာလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေး

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းနှင့် Mr.Jiang Chaolian, Vice Chairman and President of China Development Bank (CDB) နှင့်အဖွဲ့တို့ ပေကျင်းမြို့ ကျောက်ယူထိုင်နိုင်ငံတော်ဧည့်ဂေဟာ အဆောင်(၁၁) ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်ဇနီးတို့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများသည် ခရီးစဉ်အတွင်း မိမိတို့နှင့်သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီနှင့် Sinopec International Petroleum Corporation (SIPC) မှ Vice Manager Mr.Li Guohua တို့ ပေကျင်းမြို့ ကျောက်ယူထိုင်နိုင်ငံတော်ဧည့်ဂေဟာ အဆောင်(၁၁) ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ဆွေးနွေးခဲ့

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းတို့သည် စက်တင်ဘာ၈ရက် နံနက် ၁၀နာရီခွဲတွင် ပေကျင်းမြို့ ကျောက်ယူထိုင် နိုင်ငံတော် ဧည့်ဂေဟာ အဆောင်(၁၁) ဧည့်ခန်းမ၌ Mr. Jiang Chaolian, Vice Chairman and President of China Development Bank (CDB) နှင့်အဖွဲ့အားလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းသည် ညနေ ၃နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr.Chen Deming နှင့် အဖွဲ့အား လည်းကောင်း အသီးသီးတွေ့ဆုံ၍ နှစ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဆိုင်ရာ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အလားတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် စက်တင်ဘာ ၈ရက် မွန်းလွဲ ၁နာရီတွင် ပေကျင်းမြို့ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင် (၁၁) ဧည့်ခန်းမ၌ China National Offshore Oil Corporation (CNOOC) ဥက္ကဋ္ဌ Mr. Fu Chen Gyu နှင့် လည်းကောင်း၊ မွန်းလွဲ ၂နာရီတွင် Sinopec International Petroleum Corporation (SIPC) မှ Vice Manager Mr. Li Guohua နှင့်လည်းကောင်း၊ ညနေ ၃ နာရီတွင် Petro China Company Limited မှ ဒုတိယဥက္ကဋ္ဌ

စာမျက်နှာ ၆ ကော်လံ ၁သို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်စစ်ဦးစီးချုပ် General Chen Bingde တို့ ပေကျင်းမြို့ရှိ ကျောက်ယူထိုင် နိုင်ငံတော် ဧည့်ဂေဟာ အဆောင်(၇)၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းအား တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် စစ်ဦးစီးချုပ် General Chen Bingde က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ်နှင့် တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၃

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde နှင့် စက်တင်ဘာ ၇ရက် ညနေ ၅နာရီတွင် ပေကျင်းမြို့ရှိ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင် (၇)၌ တွေ့ဆုံဆွေးနွေးသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် စစ်ဦးစီးချုပ် General Chen Bingde နှင့်အတူ လက်ထောက်စစ်ဦးစီးချုပ် Lt-Gen Qi Jianguo၊ ထောက်လှမ်းရေးမှူးချုပ် Maj -Gen Yang Hui၊ ကာကွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားဆက်ဆံရေးရုံး ညွှန်ကြားရေးမှူး Maj- Gen Quan Lihua နှင့် အာရှရေးရာဗျူရိုမှူးရုံးနှင့် နိုင်ငံခြားဆက်ဆံရေးရုံးမှ Sr. Colonel Wu Xiao Yi တို့ တက်ရောက်ကြသည်။

တည်ခင်းဧည့်ခံ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် အဖွဲ့ဝင်များအား တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အပြန်အလှန်ပေးအပ်

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ်တို့သည် အမှတ်တရ လက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြသည်။ **(သတင်းစဉ်)**

တွေ့ဆုံ ဆွေးနွေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေနှင့် China National Machinery & Equipment Import & Export Corporation (CMEC) မှ ပါမောက္ခ ဝါရင့်အင်ဂျင်နီယာ ပါမောက္ခ Mr. ZHANG MEN QUN နှင့် အဖွဲ့တို့ ပေကျင်းမြို့ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင် (၁၁) ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)



စာမျက်နှာ ၅မှ

Mr. Zhou Jiping နှင့်လည်းကောင်း၊ စက်တင်ဘာ ၉ရက် နံနက် ၈နာရီတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး Mr. Jan Gobau နှင့်လည်းကောင်း၊ နံနက် ၉နာရီခွဲတွင် China Huan Qiu Contracting and Engineering Corporation (HQCEC) မှ ဒုတိယဥက္ကဋ္ဌ Mr. Wang Zhuo Yang နှင့်လည်းကောင်း၊ နံနက် ၁၀နာရီခွဲတွင် North Petro-Chem Corporation Ltd. (NPCC) ဥက္ကဋ္ဌ Mr. Li Li နှင့်လည်းကောင်း၊ စက်တင်ဘာ ၁၀ရက် ည ၇နာရီခွဲတွင် GUANGDONG ZHENRONG ENERGY CO., LTD.ဥက္ကဋ္ဌ Dr.SHAOHUI XIONG နှင့်လည်းကောင်း အသီးသီး တွေ့ဆုံ၍ စွမ်းအင်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အဖွဲ့အစည်း၊ ကုမ္ပဏီများနှင့် ကဏ္ဍအလိုက် ဆွေးနွေးခဲ့သည်။

ပူးပေါင်းဆောင်ရွက်

ထို့အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် စက်တင်ဘာ ၉ရက် နံနက် ၁၁နာရီခွဲတွင် ကျောက်ယူထိုင် နိုင်ငံတော် ဧည့်ဂေဟာ အဆောင်(၁၁) ဧည့်ခန်းမ၌ China National Aero-Technology Import & Export Corporation (CATIC)မှ ဒုတိယဥက္ကဋ္ဌ Mr. Yang Ying နှင့် အဖွဲ့အားလည်းကောင်း၊ မွန်းလွဲ ၁၂နာရီခွဲတွင် China National Machinery & Equipment Import & Export Corporation (CMEC) မှ ပါမောက္ခ ဝါရင့်အင်ဂျင်နီယာပါမောက္ခMr. ZHANG MEN QUN နှင့် အဖွဲ့အား လည်းကောင်း အသီးသီး လက်ခံတွေ့ဆုံ၍ ပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ဆွေးနွေး

အလားတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် စက်တင်ဘာ ၈ရက် မွန်းလွဲ ၁နာရီတွင် ပေကျင်းမြို့ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင် (၁၁) ဧည့်ခန်းမ၌ ZTE ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ Mr. Luo Ping Fan နှင့် အဖွဲ့အားလည်းကောင်း၊ မွန်းလွဲ ၁နာရီခွဲတွင် HUAWEI TECHNOLOGIES ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ Mr. Tang Xin Hong နှင့် အဖွဲ့အားလည်းကောင်း အသီးသီးတွေ့ဆုံ၍ ဆက်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဦးသိန်းဇော်နှင့် HUAWEI ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ Mr. Tang Xin Hong နှင့် အဖွဲ့တို့ ပေကျင်းမြို့ ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်(၁၁) ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး၏ဇနီးနှင့်အဖွဲ့ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)သို့ ငွေလှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၏ဇနီး ဒေါ်မြင့်မြင့်စိုးနှင့် အဖွဲ့သည် စက်တင်ဘာ ၇ရက်တွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)သို့ ရောက်ရှိပြီး နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေကျပ် ၄၀၀၀၀၀၊ အထွေထွေရောဂါကုသဆောင်၊ အရိုးအကြောအဆစ် ကုသဆောင်၊ ဓာတ်မှန်နှင့် ပုံရိပ်ဖော်ရောဂါရှာဖွေရေးဌာန၊ အစာအိမ်နှင့်အူလမ်းကြောင်း ဌာနတို့သို့ အလှူငွေကျပ် ၂၀၀၀၀၀စီ စုစုပေါင်း ငွေကျပ် ၁၂၀၀၀၀၀တို့ကို လာရောက်လှူဒါန်းရာ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)ဆေးရုံအုပ်ကြီး ဒေါက်တာဦးသောင်းတင်ထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသားဟော်ကီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ

ဝန်ကြီး သူရဦးအေးမြင့် တက်ရောက်ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် စက်တင်ဘာ ၁၂ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ သိမ်ဖြူ မြက်ခင်းတု ဟော်ကီကွင်း၌ ကျင်းပသော မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသား ဟော်ကီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အနိုင်ရရှိ

ဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဆုချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ တတိယဆုရရှိသည့် တပ်မတော်(ရေ)အသင်းအား မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်က လည်းကောင်း၊ ဒုတိယဆုရရှိသော အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်အသင်းအား အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အောက်မြန်မာပြည်) ဦးနော်တောင်ကလည်းကောင်း၊ ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား အားကစားဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမြင့်ကလည်းကောင်း တစ်ဦးချင်းဆုများနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နေရာအလိုက် အကောင်းဆုံးဆုရရှိကြသူများအား မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ထင်ဇော်ဝင်းက ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး သူရဦးအေးမြင့်က ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား ပထမဆုဖလားနှင့် ဆင့်ပွားဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ချောက်မြို့နယ် ကန်ရေကြီးကျေးရွာ၌ စက်ရေတွင်းမိုနိုပန့် လဲလှယ်တပ်ဆင်

ချောက် စက်တင်ဘာ ၁၃

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ကျေးလက်ရေပေးရေး လုပ်ငန်းဖြစ်သည့် သံဘိုကျေးရွာအုပ်စု ကန်ရေကြီးကျေးရွာ စက်ရေတွင်း ရေထွက်နှုန်း ပိုမိုတိုးတက်စေရန် မိုနိုပန့် လဲလှယ်တပ်ဆင်ခြင်းနှင့် လိုအပ်သည့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဩဂုတ် ၃၀ရက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။

ထိုသို့ လဲလှယ်တပ်ဆင်ရာတွင် ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ-၂ (စက်မှု) ဦးသိန်းညွှန့်ဟန်နှင့် အဖွဲ့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (မြို့နယ်စည်ပင်)

စာကြည့်တိုက်ဆောက်လုပ်ရေး ပန္နက်တင်ပွဲ

ဗန်းမော်မြို့ မံရွတ်ကျေးရွာ၌ ကျင်းပ

ဗန်းမော် စက်တင်ဘာ ၁၃

ဗန်းမော်မြို့နယ် မံရွတ်ကျေးရွာ၌ နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူများ စုပေါင်းလှူဒါန်းငွေဖြင့်ဆောက်လုပ်မည့် မောချယ်ရီ စာကြည့်တိုက်အဆောက်အအုံသစ် ပန္နက်တင်၊ အုတ်မြစ်စီမင်္ဂလာ အခမ်းအနားနှင့် လှူဒါန်းငွေများ ပေးအပ်ပွဲကို ဩဂုတ် ၁၆ ရက် နံနက် ၇နာရီခွဲက အဆိုပါကျေးရွာစာကြည့်တိုက် မြေနေရာ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ညွှန့်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်ညွှန့်၊ မြို့နယ်ဦးစီးမှူး ဒေါ်သီတာအေးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးညီညီတို့က မင်္ဂလာအချိန်၌ ပန္နက်တင် အုတ်မြစ်စီပေးကြသည်။

ပေးအပ်

ဆက်လက်၍ ကျေးရွာပြည်သူ အလှူရှင်များက စုပေါင်း၍ အလှူငွေကျပ် ၂၄၀၀၀၀ ကို ကျေးရွာပြည်သူများ၏ ကိုယ်စား ကျေးရွာဥက္ကဋ္ဌက ပေးအပ်ရာ စာကြည့်တိုက် ဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌဦးစီးမှူး ဒေါ်သီတာအေး **(အပေါ်ပုံ)** က လက်ခံယူသည်။

အဆိုပါအဆောက်အအုံသည် ၂၄ ပေ× ၁၆ပေရှိ အုတ်ညှပ်၊ သွပ်မိုး၊ သမံတလင်းခင်း အဆောက်အအုံဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကမ္ဘာ့ခရီးသွားများလည်ပတ်ရန် စိတ်ဝင်စားနေသည့် နိုင်ငံတကာ အာကာသစခန်း(အိုင်အက်စ်အက်စ်)

အာကာသ သိပ္ပံသုတ

မြင့်မောင်စိုး - ရေးသားသည်

နာဆာ စက်တင်ဘာ ၁၃

နိုင်ငံတကာ အာကာသစခန်း (အိုင်အက်စ်အက်စ်)ဆိုတာ ကမ္ဘာ့အပြင်ဘက် အာကာသအတွင်းမှာရှိပြီး ကမ္ဘာမြေပေါ်က လွှတ်တင်လိုက်တဲ့ အာကာသလွန်းပြန်ယာဉ်တွေ ဆိုက်ရောက်ရာစခန်း တစ်ခု ဖြစ်ပါတယ်။ ဒီစခန်းကြီးကိုတော့ နိုင်ငံပေါင်း ၁၅နိုင်ငံကျော်က ပြန်လည်ပြုပြင် တည်ဆောက်နေတာဖြစ်ပါတယ်။

အာကာသစခန်းကို ၁၉၉၈ခုနှစ်မှာ အမေရိကန်နဲ့ရုရှားတို့က ပိုမို ကောင်းမွန်တဲ့ အာကာသစခန်းအဖြစ် ပူးပေါင်းတည်ဆောက်လျက်ရှိတယ်လို့ ဆိုပါတယ်။ အဲဒီမှာ အမေရိကန် အာကာသယာဉ်မှူး တစ်ဦးနဲ့ ရုရှား အာကာသယာဉ်မှူးနှစ်ဦးတို့ဟာ ၂၀၀၀ ပြည့်နှစ်ကစပြီး အချိန်ပြည့် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

နိုင်ငံတကာ အာကာသစခန်းဟာ ကမ္ဘာ့မြေပြင်အထက် မိုင်ပေါင်း ၂၅၀ အကွာမှာ တည်ရှိပြီး ကမ္ဘာကိုလှည့်ပတ်နေတာဖြစ်ပါတယ်။ လှည့်ပတ်ရာလမ်းကြောင်းမှာ မြောက်လတ္တီတွဒ် ၅၂ ဒီဂရီမှ တောင်လတ္တီတွဒ် ၅၂ ဒီဂရီသို့ လှည့်ပတ်နေတာ ဖြစ်ပါတယ်။



နိုင်ငံတကာ အာကာသစခန်း၌ အာကာသယာဉ်မှူးများ လမ်းလျှောက်ထွက်နေသည်ကို ဤသို့တွေ့ရသည်။

ဆက်သွယ်ပြောဆိုနိုင်

ဒီအာကာသစခန်းမှာ မော်ကျူး (Module)လို့ခေါ်တဲ့ ထောင်လိုက်အခန်းကြီး ရှစ်ခန်းကိုလည်း ထည့်သွင်းတည်ဆောက်လျက်ရှိပါတယ်။ ဒီထောင်လိုက်အခန်းရှစ်ခုဟာ အာကာသအတွင်းမှာ သီးခြားစီရှိနေတာဖြစ်ပါတယ်။ အမေရိကန်နဲ့ ရုရှားတို့ကတော့ အာကာသစခန်းမှာ Module တွေကို ၁၉၉၈ခုနှစ်က တပ်ဆင်ထားရှိတယ်လို့ ဆိုပါတယ်။ အာကာသယာဉ်မှူးတွေဟာ ဒီမော်ကျူး(Module) တွေအတွင်းမှာနေထိုင်ပြီး သိပ္ပံဆိုင်ရာ သုတေသနတွေ၊ ဓာတ်ခွဲစမ်းသပ်မှုတွေ ပြုလုပ်ကြရတယ်လို့ဆိုပါတယ်။ အာကာသယာဉ်မှူးတွေဟာ သီးခြားစီ ရှိနေတဲ့ မော်ကျူး(Module)များအတွင်းမှ တစ်ဦးနဲ့တစ်ဦး ဆက်သွယ်ပြောဆိုနိုင်တယ်လို့လည်း ဆိုပါတယ်။

နိုင်ငံတကာ အာကာသစခန်းမှာ ဆိုလာပြားကြီး ရှစ်ပြားတပ်ဆင်ထားပါတယ်။ ဒီဆိုလာပြားတွေက နိုင်ငံတကာ အာကာသစခန်းအတွက် လိုအပ်တဲ့ လျှပ်စစ်ဓာတ်အားကို ထုတ်ပေးပါတယ်။ ဒီဆိုလာပြားရှစ်ပြားက လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၁၀၀ ကျော် ထုတ်ပေးနိုင်ပါတယ်။

အမေရိကန်နဲ့ ရုရှားတို့က အာကာသစခန်းအတွက် လိုအပ်တဲ့ မော်ကျူး (Module) များနဲ့ အခြားသောအာကာသဆိုင်ရာ ကိရိယာများ ပေးပို့ တပ်ဆင်ထားပြီး ကနေဒါနိုင်ငံကတော့ စက်ရုပ်လက်တံတစ်ခု ၂၀၀၁ ခုနှစ်မှာ တပ်ဆင်ပေးခဲ့ပါတယ်။ ဂျပန်အပါအဝင် အခြားသောအဖွဲ့ဝင်နိုင်ငံတွေနဲ့ ဥရောပအာကာသအေဂျင်စီ အဖွဲ့ဝင်နိုင်ငံတွေကလည်း အာကာသစခန်းအတွက် လိုအပ်တဲ့ပစ္စည်းတွေ ထောက်ပံ့ပေးပို့ကြပါတယ်။

ဘရာဇီးနဲ့ အမေရိကန်တို့ကတော့ လိုအပ်တဲ့ ပစ္စည်းများပေးပို့ရေးကို သီးခြားသဘောတူ စာချုပ်ထားကြပါတယ်။ စာချုပ်အရ ဘရာဇီးက လိုအပ်တဲ့ပစ္စည်းများ နိုင်ငံတကာအာကာသစခန်းသို့ ပေးပို့ရမှာဖြစ်ပြီး အမေရိကန်က ဘရာဇီး အာကာသယာဉ်မှူးတစ်ဦးအား အာကာသစခန်းသို့ လွှတ်ပေးဖို့ ခွင့်ပြုရမှာ ဖြစ်ပါတယ်။

နိုင်ငံတကာအာကာသစခန်းကြီး လုံးဝပြီးစီးသွားဖို့ အမေရိကန်လွန်းပြန်ယာဉ်နဲ့ ရုရှားဒုံးပျံတွေ အကြိမ် ၈၀ကျော် အာကာသစခန်းသို့ ပျံသန်းလာရောက်ဖို့ လိုလိမ့်ဦးမယ်လို့ နာဆာအဖွဲ့ကဆိုပါတယ်။ ဥရောပ အာကာသ အေဂျင်စီနဲ့ ဂျပန်နိုင်ငံတို့က Ariane-5 နဲ့ ဂျပန်နိုင်ငံရဲ့ H-2A booster Rockets တွေပေးပို့ဖို့စီစဉ်နေပါတယ်။ အာကာသစခန်းကို ၂၀၀၆ခုနှစ်မှာ အပြီးတည်ဆောက်သွားဖို့ စီစဉ်ကြပေမယ့် အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာမှုတွေ ဖြစ်ခဲ့ရတယ်လို့ နာဆာက ပြောပါတယ်။

သေဆုံး

အထက်ကဖော်ပြခဲ့တဲ့ နိုင်ငံတကာ အာကာသစခန်းကြီး ပိုမိုကောင်းမွန် အဆင့်မြင့်လာရေးကို ဆောင်ရွက်ခဲ့ကြပေမယ့် နိုင်ငံတကာ အာကာသစခန်းရဲ့ အစဟာ ၁၉၇၀ ပြည့်လွန်နှစ်များမှာ အမေရိကန်နှင့် ရုရှားတို့က တည်ဆောက်ထားရှိခဲ့တယ်လို့ ဆိုပါတယ်။ ဒီစခန်းကြီးမှာ ဆိုဗီယက် Salyut နဲ့ အမေရိကန် Skylab အာကာသယာဉ်တွေ ပါဝင်တယ်လို့ ဆိုပါတယ်။ ၁၉၈၆ခုနှစ်မှာတော့ ဆိုဗီယက် ပြည်ထောင်စုက အာကာသစခန်းကို အဓိကတာဝန်ယူခဲ့ပါတယ်။ ၁၉၉၁ခုနှစ် ဆိုဗီယက် ပြိုကွဲပြီးတဲ့နောက် ရုရှားက ဆက်လက်တာဝန်ယူခဲ့ပါတယ်။ ၁၉၉၃ ခုနှစ်မှာတော့ အမေရိကန်နဲ့ ရုရှားတို့က နိုင်ငံတကာ အာကာသစခန်းကို ပူးပေါင်းတည်ဆောက်ဖို့ သဘောတူခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ်ကစပြီး ဒစ္စကာဗာရီလွန်းပြန်ယာဉ်၊ အတ္တလန္တစ်လွန်းပြန်ယာဉ်၊ ကိုလံဘီယာလွန်းပြန်ယာဉ်တွေဟာ အာကာသစခန်းကို အကြိမ်ကြိမ်သွားရောက်ပြီး အာကာသယာဉ်မှူးတွေ၊ သိပ္ပံပညာရှင်တွေဟာ အာကာသ သုတေသနလုပ်ငန်းတွေနဲ့ ကမ္ဘာမြေနှင့် အာကာသအတွင်း ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုတွေ သုတေသနပြု ဓာတ်ခွဲစမ်းသပ်မှု အမျိုးမျိုး ပြုလုပ်ခဲ့ကြပါတယ်။ ၂၀၀၃ခုနှစ် ဖေဖော်ဝါရီ ၁ရက်မှာတော့ ကိုလံဘီယာ လွန်းပြန်ယာဉ်ဟာ ကမ္ဘာမြေသို့ ပြန်အဆင်း လေထုထဲမှာ မီးလောင်ပေါက်ကွဲသွားလို့ အာကာသယာဉ်မှူး ခုနစ်ဦးသေဆုံးခဲ့ရပါတယ်။

၂၀၀၁ခုနှစ် ဧပြီလမှာတော့ ကယ်လီဖိုးနီးယားပြည်နယ်က အမေရိကန်သူဌေး ဒင်းနစ်တီတိုးဟာ ပထမဆုံး အာကာသခရီးသွားဧည့်သည်အဖြစ် ဆိုယုဇ် အာကာသယာဉ်နဲ့ သွားရောက်ခဲ့ပါတယ်။ ဒီနောက် ၂၀၀၂ခုနှစ်မှာတော့ တောင်အာဖရိက စီးပွားရေးလုပ်ငန်းရှင် မက်ခ်ရှပ်တယ်ဝပ်ဆိုသူဟာ ဒုတိယမြောက် အာကာသခရီးသွားအဖြစ် ဆိုယုဇ် အာကာသယာဉ်နဲ့ သွားရောက်ခဲ့ပြန်ပါတယ်။ အမေရိကန်နဲ့ ရုရှားတို့က အခြားသော နိုင်ငံများမှ အာကာသယာဉ်မှူးများနဲ့ သွားရောက်လည်ပတ်လေ့လာရန် အာကာသခရီးသွားများ ထပ်မံစေလွှတ်ရေး အစီအမံများကို ဆက်လက် ဆောင်ရွက်လျက်ရှိပါကြောင်း အာကာသသိပ္ပံသုတအဖြစ် ရေးသားတင်ပြလိုက်ရပါတယ်။ ။ ***ကိုးကား-အင်တာနက်***



ကမ္ဘာကို လှည့်ပတ်လျက်ရှိသော နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ်အက်စ်)ကို ဤသို့တွေ့ရသည်။

ယင်းနောက် ဧည့်သည်တော် ဗိုလ်ချုပ်
ဒေါ်ကြိုင်ကြိုင်တို့က ပြခန်းအုပ်ချုပ်ရေးမှူးအ
ပေးအပ်ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့
ဂါရဝလက်ဆောင် ပြန်လည်ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်
အဖွဲ့ဝင်များသည် ရှန်ဟိုင်းမြို့ ပူတုံဒေသရှိ The
သို့ ရောက်ရှိကြရာ Tower အထွေထွေမန်နေ
တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့ဦ
ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Tower ပေါ်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်
ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိ
ဒေသရှိ The Oriental Pearl Tower
တိုးတက်မှုနှင့် မြို့ပတ်ဝန်းကျင် သာယာလှပ
ကြစဉ်။**

✱ ရှေ့ဖုံးမှ

ဦးဝင်းမြင့်နှင့်တာဝန်ရှိသူများ၊ တိုင်းရင်းသားရိုးရာဝတ်စုံ ဝတ်ဆင်ထားသည့် ကလေးငယ်များက ဂါရဝပြု ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့် အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြခန်းဆောင်၌ ခင်းကျင်းပြသလျက်ရှိသော ပြကွက်များကို

ရှန်ဟိုင်းမြို့ ပူတုံဒေသရှိ The Oriental Pearl Tower ကို တွေ့ရစဉ်။ (သတင်းစဉ်)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံပြခန်းဆောင်၌ ပြသထားသည့် ရှေးဟောင်းပန်းချီကားအား အဆင့်မြင့် IT နည်းပညာရပ် အသုံးပြု၍ သက်ဝင်လှုပ်ရှားစေသော ပြကွက်ကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

လိုက်လံကြည့်ရှုအားပေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြိုဆိုနှုတ်ဆက်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြခန်းဆောင်သို့ ရောက်ရှိကြရာ ပြခန်းဆောင် အုပ်ချုပ်ရေးမှူး Mr. Xu Hubin က ကြိုဆိုနှုတ်ဆက်သည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ပြခန်းဆောင်အတွင်း ခင်းကျင်းပြသထားသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်(၃၀)အတွင်း စည်ပင်ဖွံ့ဖြိုးတိုးတက်မှု အဆင့်ဆင့် ပြကွက်၊ ရှေးဟောင်းပန်းချီကားကို အဆင့်မြင့် IT နည်းပညာရပ်အသုံးပြု၍ သက်ဝင်လှုပ်ရှားစေသောပြကွက်၊ သဘာဝပတ်ဝန်းကျင်အခြေအနေနှင့် လိုက်လျောညီထွေနေထိုင်မှု ပုံသဏ္ဌာန်ပြကွက်တို့ကို ကြည့်ရှုလေ့လာကြရာ ပြခန်းအုပ်ချုပ်ရေးမှူးက လိုက်လံရှင်းလင်းပြသသည်။

မှတ်တမ်းတင်လက်မှတ်ရေးထိုး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ရွှေရောင်ခန်းမ၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ် ရေးထိုးကြသည်။

တိုးတက်မှုနှင့် မြို့ပတ်ဝန်းကျင် သာယာ
Tower အတွင်း ရှေးခေတ်တရုတ်လူမျိုးတို့
လူနေမှုဆိုင်ရာ ပြခန်းကိုလည်းကောင်း ကြည့်

ဆက်လက်၍ နိုင်ငံတော်အကြီးအကဲ ဗို
ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် The Oriental
ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်
ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး
မန်နေဂျာအား အမှတ်တရလက်ဆောင် ပေးအ



ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲတွင် ပါဝင်ခင်းကျင်းပြသနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပြခန်းဆောင်ရှိ ပြကွက်တစ်ကွက်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံပြခန်းဆောင်၌ ခင်းကျင်းပြသထားသည့် ပြကွက်တစ်ကွက်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ပြန်လည်ပေးအပ်

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီး
မန်နေဂျာက ဂါရဝလက်ဆောင် ပြန်လည်ပေး

ယင်းနောက် နိုင်ငံတော်အကြီးအကဲ ဗို
ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အ
မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြ
တည်းခိုသည့် ရှီးကျောင်းနိုင်ငံတော်ဧည့်ဂေဟ

ယင်းနောက် ဧည့်သည်တော် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ပြခန်းအုပ်ချုပ်ရေးမှူးအား အမှတ်တရလက်ဆောင် ပေးအပ်ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့ထံ ပြခန်းအုပ်ချုပ်ရေးမှူးက ဂါရဝလက်ဆောင် ပြန်လည်ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ရှန်ဟိုင်းမြို့ ပူတုံဒေသရှိ The Oriental Pearl Tower သို့ ရောက်ရှိကြရာ Tower အထွေထွေမန်နေဂျာ Mr. Huang Jin နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Tower ပေါ်မှနေ၍ ရှန်ဟိုင်းမြို့ ဖွံ့ဖြိုး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ရှန်ဟိုင်းမြို့ ပူတုံဒေသရှိ The Oriental Pearl Tower ပေါ်မှ ရှန်ဟိုင်းမြို့ ဖွံ့ဖြိုးတိုးတက်မှုနှင့် မြို့ပတ်ဝန်းကျင် သာယာလှပမှုတို့ကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)



တိုးတက်မှုနှင့် မြို့ပတ်ဝန်းကျင် သာယာလှပမှုတို့ကိုလည်းကောင်း၊ Tower အတွင်း ရှေးခေတ်တရုတ်လူမျိုးတို့၏ ကျေးလက်နှင့် မြို့ပြ လူနေမှုဆိုင်ရာ ပြခန်းကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် The Oriental Pearl Tower ရှေ့ခန်းမ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးတို့က Tower အထွေထွေမန်နေဂျာအား အမှတ်တရလက်ဆောင် ပေးအပ်ကြသည်။

ပြန်လည်ပေးအပ်

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့ထံ Tower အထွေထွေမန်နေဂျာက ဂါရဝလက်ဆောင် ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် Tower မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ခေတ္တတည်းခိုသည့် ရှီးကျောင်းနိုင်ငံတော်ဧည့်ဂေဟာသို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

ကြည့်ရှုလေ့လာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံပြခန်းဆောင်၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Feng Zhenglin ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၅နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရိန်ဇော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဌာနဆိုင်ရာ အကြီးအကဲနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Feng Zhenglin နှင့်အတူ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

လက်ခံ တွေ့ဆုံ **နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Feng Zhenglin ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Feng Zhenglin အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးကျွန်းနှင့်အခြားစိုက်ခင်းမြင်ကွင်းများ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း- ခင်မောင်သန်း(စက်မှု)

နေပြည်တော် စက်တင်ဘာ ၁၃

မြန်မာနိုင်ငံအလယ်ပိုင်း ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ တောတောင်များ စိမ်းစိုလာရေးနှင့် ကျွန်းအပါအဝင် အခြားသစ်ပင်မျိုးစုံ စိုက်ခင်းများ တည်ထောင်ရေး၊ ထင်းစိုက်ခင်းများ တည်ထောင်ပြီး ကျေးရွာသုံးအဖြစ် ဆောင်ရွက်ပေးခြင်းများကို တစ်နှစ်ပြီး တစ်နှစ်တိုးချဲ့ အကောင်အထည်ဖော်လျက်ရှိသည်။

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်မှုလုပ်ငန်းများကို သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ တိုင်း၊ ခရိုင်၊ မြို့နယ်များအလိုက် ဆောင်ရွက်လျက်ရှိရာ သာယာဝတီခရိုင်သည်လည်း အပါအဝင် ဖြစ်သည်။ သာယာဝတီခရိုင် ခုနစ်မြို့နယ်တွင် ၂၀၀၄-၂၀၀၅ခုနှစ်မှ ၂၀၀၈-၂၀၀၉ခုနှစ်အထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။ သာယာဝတီ ခရိုင်တွင် သာယာဝတီမြို့နယ်၊ မင်းလှမြို့နယ်၊လက်ပံတန်းမြို့နယ်၊ အုတ်ဖိုမြို့နယ်၊ ကြို့ပင်ကောက်မြို့နယ်၊ ဇီးကုန်းမြို့နယ်နှင့် နတ်တလင်းမြို့နယ်များ ပါဝင်သည်။

သတင်းအဖွဲ့သည် သာယာဝတီမြို့နယ် သစ်တောဦးစီးအရာရှိ ဦးသက်နိုင်နှင့် တောအုပ် ဦးသိန်းလွင်တို့ လိုက်ပါ၍ ဆိုင်ကယ်များဖြင့် သာယာဝတီမှ သုံးဆယ် ဆည်မြောင်းပေါင်အတိုင်း လာခဲ့ကြသည်။ မိုးများက တဖွဲဖွဲရွာနေသည်။ သဲဖြူ ကျေးရွာအဝင်တွင် မိုးများ သဲသဲမဲမဲရွာချနေသည်။ လမ်းဘေးတဲလေးတစ်ခုတွင် ဝင်ရောက်နားခိုရသည်။ ထို့နောက် မိုးစဲသွား၍ ဆက်လက်ထွက်ခွာလာခဲ့ရာ တစ်မိုင်အရောက် သစ်တောစခန်းသို့ ရောက်ရှိသည်။ သာယာဝတီမှ ကိုးမိုင်ဝေးကွာသည်။ သဲဝါကြိုးဝိုင်း အကွက် (၁၂၇)သို့ ရောက်ရှိလေ့လာခဲ့သည်။ သဲဝါကြိုးဝိုင်းတွင် ရွှေပြောင်းတောင်ယာ ပပျောက်ရေး လူထုပညာပေးစိုက်ခင်း ၁၀ဧက ကျွန်းစိုက်ခင်းကို တွေ့ရှိရသည်။ ထို့နောက် ဆိုင်ကယ်များဖြင့် ဆည်မြောင်းပေါင်အတိုင်းဆက်လက်လာခဲ့ရာ သုံးမိုင်အရောက်တွင် ဝဲရွာကို ရောက်ခဲ့ပြီး ၎င်းမှ ခြေကျင်တစ်မိုင်ကို မိနစ်၂၀ခန့် တောလမ်းအတိုင်းဝင်ရောက်ခဲ့ရသည်။ နတ်ချောင်း သစ်တောစခန်း ကျွန်းစိုက်ခင်း ဧက ၁၅၀ကို တွေ့ရှိရသည်။ တစ်နှစ်ခွဲသား အရွယ် ရှင်သန်ကြီးထွားနေကြသည်။

စိုက်ပျိုးခဲ့

သာယာဝတီမြို့နယ် ရေဝေရေလဲ စိုက်ခင်းတည်ထောင်မှုတွင် ၂၀၀၄-၂၀၀၅ ခုနှစ် သုံးဆယ်ကြိုးဝိုင်း (၅၁၊ ၇၀)နှင့် ကမ်းနီကြိုးဝိုင်း (၁၂၀၊ ၁၂၁)၌ အပင်ရေပေါင်း ခြောက်သောင်းကျော် စိုက်ပျိုးခဲ့ရာ သစ်ဆိမ့်၊ မဲဇလီ၊ ကျွန်း၊ အော်ရီရှားပင်များ ပါဝင်စိုက်ပျိုးခဲ့ကြသည်။ ၂၀၀၅-၂၀၀၆ခုနှစ် သုံးဆယ်ကြိုးဝိုင်း (၁၂၊၃၇၊၇၂၊ ၇၆)တွင် အပင်ရေတစ်သိန်း စိုက်ပျိုးခဲ့ကြသည်။ ကမ်းနီကြိုးဝိုင်း (၁၁၅၊၁၁၉) စိုက်ခင်းဧက ၁၅၀ကို ကျေးရွာ ထင်းစိုက်ခင်း ပြုစု ပျိုးထောင်စိုက်ပျိုးပေးခဲ့ရာ အပင်ရေပေါင်း တစ်သိန်းရှစ်သောင်း ရှိခဲ့သည်။

သာယာဝတီခရိုင် မင်းလှမြို့နယ်မှ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး ၂၀၀၅ခုနှစ် သီးခြားကျွန်းစိုက်ခင်း ဧက ၁၀၀၀မြင်ကွင်းကို တွေ့ရစဉ်။

၂၀၀၆-၂၀၀၇ခုနှစ် သုံးဆယ်ကြိုးဝိုင်း (၁၁၁)ရေဝေ ရေလဲစိုက်ခင်းရှိ အပင်ရေ ခုနစ်သောင်း၌ ကျွန်း၊ ပျဉ်းကတိုး၊ ဘင်္ဂ၊ မဲဇလီ၊ အော်ရီရှားနှင့် သုံးဆယ်ကြိုးဝိုင်း (၆၉)တွင် ကျေးရွာထင်းစိုက်ခင်း ဧက ၃၅၀၌ မဲဇလီ၊ အော်ရီရှားနှင့် အခြားအပင်များ စိုက်ပျိုးခဲ့ကြသည်။ သုံးဆယ်ကြိုးဝိုင်း(၆၈)တွင် ကြက်ဆူ စိုက်ခင်းကြီးအဖြစ် ၃၅ဧက၌ အပင်ပေါင်း ၄၂၀၀၀ စိုက်ပျိုးခဲ့ကြသည်။

ထို့နောက် မင်းလှမြို့နယ်သို့ထွက်ခွာလာပြီး ဦးစီးအရာရှိနှင့်တွေ့ဆုံခဲ့သည်။ ကုမ္ပဏီကျွန်းစိုက်ခင်းအဖြစ် မုက္ခာ(၅၁)၊ မင်းလှ(၁၁/၁၂)တွင် ၂၀၀၄-၂၀၀၅ ခုနှစ်၌ ကျွန်းပင်ရေ ၇၂၀၀၀၀ စိုက်ပျိုးခဲ့ကြသည်။ ၂၀၀၅-၂၀၀၆ခုနှစ် ဝံလူးအပတော၌ မဲဇလီနှင့် အော်ရီရှားအပင် နှစ်သိန်းလေးသောင်း စိုက်ပျိုးဖြစ်ထွန်းခဲ့သည်။ ၂၀၀၆-၂၀၀၇ခုနှစ်က ဧက ၈၅၀ရှိ မုက္ခာကြိုးဝိုင်း(၃၆/၃၇)တွင် ကျွန်းအထူးစိုက်ခင်း တည်ထောင်ခဲ့ရာ ကျွန်းပင်များ ကြီးထွားရှင်သန်နေကြသည်ကိုတွေ့ရှိရသည်။

ထို့နောက် သာယာဝတီခရိုင် နတ်တလင်းမြို့သို့ ရောက်ရှိပြီး ဦးစီးမှူး၏ စီစဉ်ပေးမှုဖြင့် တောအုပ်များ လိုက်ပါပြီး ဆိုင်ကယ်များဖြင့် နတ်တလင်း-ဒမငယ်-ကံစုလမ်းအတိုင်း ထွက်ခွာခဲ့ရာ ကံစုသစ်တောစခန်းသို့ ရောက်ရှိခဲ့သည်။ ကံစုသစ်တောစခန်းတွင် ခေတ္တနားခိုပြီး ဆက်လက်ထွက်ခွာခဲ့ရာ နာရီဝက်အကြာ ကွင်းစစ်သစ်တောစခန်းကို ရောက်ရှိခဲ့သည်။ ထို့နောက် နှစ်နာရီခန့် ခြေကျင်လျှောက်ခဲ့ပြီး ဘော်ဘင်ကြိုးဝိုင်း(၄၇) ကျွန်းစိုက်ခင်းဧက ၃၅၀ကို တွေ့ရှိရသည်။

၂၀၀၄-၂၀၀၅ခုနှစ်တွင် တောင်ညိုကြိုးဝိုင်း(၆၆)၌ ရေဝေရေလဲသစ်ဆိမ့်ပင်များ ဧက ၁၀၀၊ ယင်းကြိုးဝိုင်း(၆၄၊ ၁၄၀)တွင် ဧက ၄၀၀ ရေဝေရေလဲစိုက်ခင်း မဲဇလီပင်ရေ ရှစ်သောင်း၊ ဘော်ဘင်ကြိုးဝိုင်း ကျွန်းအထူးဧက ၁၀၀၀ စိုက်ပျိုးထားရာ အုပ်အုပ်ဆိုင်းဆိုင်း တွေ့မြင်ရသည်။ ၂၀၀၆-၂၀၀၇ ခုနှစ်က ဘော်ဘင်ကြိုးဝိုင်း (၄၇၊ ၅၁၊ ၅၂၊ ၇၆၊ ၇၉)နှင့် တောင်ညိုကြိုးဝိုင်း (၃၀/၁၀၁)တို့တွင် ဧကပေါင်း ၁၂၅၀၌ အပင်ပေါင်း ၆၇၅၀၀၀ စိုက်ပျိုးခဲ့ကြသည်။ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ဘော်ဘင်(၄၇၊ ၈၄၊ ၅၃၊ ၈၀၊၃၃) တွင် ဧက၁၂၅၀၌ ဖော်ပြပါအပင်ပေါင်း ခြောက်သိန်းခုနစ်သောင်းငါးထောင် စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ထို့နောက် ၂၀၀၈-၂၀၀၉ ခုနှစ်တွင် တောင်ညို(၄၄)၌ ရေဝေရေလဲဧက ၃၀၀ တွင် ကျွန်း၊ သစ်ဖြူ၊ မဲဇလီ၊ အကွက် (၄၈/၄၉)ကျေးရွာသုံးစိုက်ခင်း ၁၃၅ ဧကတွင် မဟော်ဂနီ၊ ယင်းမာ၊ မဲဇလီ၊ ယမနေ၊ သစ်ဖြူတို့ကို စိုက်ပျိုးပေးနိုင်ခဲ့ကြသည်။ ဆက်လက်၍ သတင်းအဖွဲ့သည် ဇီးကုန်းမြို့နယ်သို့ ထွက်ခွာလာခဲ့ပြီး ရွှေဖလားဘိနယ်စခန်းသို့ ရောက်ရှိသည်။

စိုက်ပျိုးတည်ထောင်

သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၀၄-၂၀၀၅ခုနှစ်တွင် ဘော်ဘင်ကြိုးဝိုင်းအကွက် (၈၅)၌ ရေဝေရေလဲစိုက်ခင်းဧက ၁၀၀နှင့် ရွှေဖလား(၁၀၆၊၁၀၇)တွင်ကျေးရွာသုံးထင်းစိုက်ခင်း ဧက၁၀၀တို့၌ မဲဇလီ၊ သစ်ဆိမ့်ပင်များ စိုက်ပျိုးထားကြသည်ကိုတွေ့ရှိရသည်။ အဆိုပါရွှေဖလားကြိုးဝိုင်းအကွက် (၁၀၆/၁၀၇)တွင် ကျေးရွာထင်းစိုက်ခင်း ဧက ၁၅၀၌ မဟော်ဂနီ၊ မဲဇလီ၊ သစ်ဖြူ၊ သစ်ဆိမ့်ပင်များနှင့်အကွက် (၁၀၇)တွင် ကြက်ဆူစိုက်ခင်း၃၅ဧက စိုက်ပျိုးတည်ထောင်ခဲ့ကြသည်။ ၂၀၀၇-၂၀၀၈ခုနှစ်က ဘော်ဘင်(၈၅) ရေဝေရေလဲ ကြက်ဆူစိုက်ခင်းဧက ၃၀၀တွင် မဲဇလီပင်များ စိုက်ပျိုးခဲ့ပြီး၊ ရွှေဖလားကြိုးဝိုင်း (၁၀၆) အကွက်တွင်မဲဇလီ၊ ကြက်ဆူဧက၁၅၀နှင့် ကျေးရွာ ထင်းစိုက်ခင်းအဖြစ် မဲဇလီ၊ ကြက်ဆူပင်များ စိုက်ပျိုးခဲ့ကြသည်။ ၂၀၀၈-၂၀၀၉ခုနှစ် ရွှေဖလားကြိုးဝိုင်း (၁၀၆)နှင့် ဘော်ဘင်(၈၆)တွင် ကျေးရွာသုံး ထင်းစိုက်ခင်း ၁၈၅ဧက၌ မဲဇလီပင်များ စိုက်ပျိုးတည်ထောင်ပေးခဲ့ကြောင်း သိရသည်။

ထာဝရထိန်းသိမ်းကာကွယ်

သို့ဖြစ်ရာ **ကမ္ဘာ အဝန်းတောတွေ ခန်းလည်း စိမ်းလန်းတို့ ပြည် တောနှင့်စည်၏** ဆိုသည့်စကားနှင့်အညီ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းကြီးကို ခွန်အားများစိုက်ထုတ်၍ ဆောင်ရွက်ခဲ့ကြသည့် နည်းတူ သားစဉ်မြေးဆက် တည်တံ့ခိုင်မာစေရေးအတွက်လည်း ထာဝရထိန်းသိမ်း ကာကွယ်သွားကြရန် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

သာယာဝတီမြို့နယ် သဲဝါ သစ်တောကြိုးဝိုင်း၌ ကျွန်းစိုက်ခင်းကို တွေ့ရစဉ်။

ယာဉ်၊ စက် ကြံ့ခိုင်ရေးစစ်ဆေး

ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ယာဉ်၊ စက်ယန္တရားများ ကြံ့ခိုင်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုကို စက်တင်ဘာ ၃ရက်က မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်ပိုင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ်ဖြန့်ချီ

ရန်ကုန် စက်တင်ဘာ ၁၃

မြန်မာပို့စ်ဂျာနယ် အတွဲ (၂)၊ အမှတ် (၃၅)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် အမျိုးသားအဆင့် ရတနာပုံနေရှင်နယ်ဝက်ဘ်ပိုတယ် ဖွင့်တော့မည်၊ သတင်း၊ လူမှုဆက်သွယ်ရေး၊ ဖျော်ဖြေရေး၊ အားကစား၊ လူမှုဘဝ၊ သိပ္ပံနှင့်နည်းပညာ၊ ကျန်းမာရေးစသည့် ကဏ္ဍများစုံလင်မည်၊ အိမ်ရာမြေဈေးကွက်တွင် ဂျပန်၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ ကိုရီးယားလုပ်ငန်းရှင်ကြီးများဝင်ရန် တာစူနေကြပြီ၊ စိန်ခေါ်မှု၊ ခြိမ်းခြောက်မှုနှင့် ယှဉ်ပြိုင်မှုများကို ဘယ်လိုရင်ဆိုင်ကျော်လွှားမလဲ စသည့် မျက်နှာဖုံးသတင်းဆောင်းပါးများ၊ နိုင်ငံတကာအဆင့်မီ နှစ်ထပ်လမ်းနှင့် အိမ်ရာစီမံကိန်းသစ်အတွက် ရင်းနှီးမြှုပ်နှံရန် မလေးရှားအခြေစိုက်ကုမ္ပဏီက ကမ်းလှမ်း၊ ပုသိမ်မှကလေးအထိ ရထားဖြင့်သွားနိုင်ရန် ဆောင်ရွက်၊ မင်းဘူး- မင်းလှ ရထားလမ်းပိုင်းသစ် ဖွင့်တော့မည်၊ မြန်မာမိုဘိုင်းလ်ဖုန်းလုပ်ငန်း အံ့သြစရာကြီးထွားလာ၊ မိုဘိုင်းလ်ဖုန်း အလုံးပေါင်း ၁၃သိန်းကျော် ချထားပေးပြီး မိုဘိုင်းလ်ဆက်သွယ်ရေးစခန်းများလည်း တိုးချဲ့လျက်ရှိစသည့် မျက်နှာဖုံးသတင်းများ၊ မောင်ဝံသ၊ ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်၊ ကြည်ခင်တို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။

ဖော်ပြထား

ထို့အပြင် ၂၀၁၀ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးအုန်းတင်နှင့် တွေ့ဆုံခြင်းနှင့် ရွေးကောက်ပွဲဝင်မည့် စာရေးဆရာ ကောင်းသန့်နှင့် တွေ့ဆုံခြင်းစသည့် ဆောင်းပါးတို့ကို ဖော်ပြထားသည်။

စိတ်ဝင်စားဖွယ်

ထို့အပြင် မြန်မာနိုင်ငံ၏ ပြည်ပရင်းနှီးမြှုပ်နှံမှု ၂၂ နှစ်ကာလအတွင်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိ၊ ရေအားလျှပ်စစ်စီမံကိန်းကြီးနှစ်ခု မြန်မာ- ဘင်္ဂလားဒေ့ရှ် ပူးပေါင်းအကောင်အထည်ဖော်မည်၊ သက်တမ်းလွန်နှင့် သက်တမ်းမလွန်ခင် ပျက်စီးနေသော စားကုန်များ ကျန်းမာရေးကို ဆိုးဆိုးရွားရွားထိခိုက်နိုင်၊ သတ်မှတ်စည်းကမ်းလိုက်နာပါက ရွှေတိဂုံစေတီတော်သို့ မည်သည့်ဒြေ့လမ်းညွှန်မဆို လာရောက်နိုင်၊ Asia Green Development ရန်ကုန်ဘဏ်ခွဲ စက်တင်ဘာလလယ်တွင် ဖွင့်လှစ်မည်၊ သဘာဝကို လွှန်ဆန်ချင်သူများ နှောင်းနောင်တနှင့် ကြုံရနိုင်၊ ယောက်ျားပီသမှုကို အရှူးအမူးစွဲလမ်းသူ ပုရိသတို့၏ လောဘ အသက်ကိုပင် ခြိမ်းခြောက်၊ ကမ္ဘာ့ဖလားမှာ Waka Waka နဲ့ ရှာကီရာ ဗိုလ်စွဲအောင်ပွဲခံသလို မြန်မာနိုင်ငံမှာလည်း Waka Waka နဲ့ ဘယ်သူဗိုလ်စွဲ အောင်ပွဲခံမှာလဲစသည့် စိတ်ဝင်စားဖွယ်သတင်းများ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

ကွင်းဆင်းစစ်ဆေး

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိတ္ထီလာကန်ရေကို ရေစက်ရုံ (၁)မှတစ်ဆင့် မြို့ပေါ်ရပ်ကွက်များသို့ ရေဖြန့်ဝေပေးမှု၊ အင်ဂျင်များနှင့် ပန့်များ ကြံ့ခိုင်မှုကို စက်တင်ဘာ ၁ရက်က မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုး ကွင်းဆင်းစစ်ဆေးရာ အဖွဲ့တာဝန်ခံ အင်ဂျင်နီယာ ဦးညီညီသန့် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဂျပန်ဆက်သွယ်ရေးဂြိုဟ်တုလွှတ်တင်

တိုကျို စက်တင်ဘာ ၁၃

ဆက်သွယ်ရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အာကာသအခြေစိုက် ဆက်သွယ်ရေးစနစ်ဆောင်ရွက်ရေး ဂြိုဟ်တုတစ်လုံးကို ဂျပန်နိုင်ငံက အာကာသသို့ စက်တင်ဘာ ၁၁ရက်က လွှတ်တင်လိုက်ပြီဖြစ်သည်။ **(ယာပုံ)**

ရောက်ရှိ

ဂျပန်အာကာသအေဂျင်စီ၏ တာနီဂါရှီမာအာကာသယာဉ် လွှတ်တင်ရေးစခန်းမှ လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး ပုံမှန်လုပ်ငန်းများဆောင်ရွက်ရန် အသင့်အနေအထားရှိနေပြီ ဖြစ်သည်။ အဆိုပါဂြိုဟ်တုကို စက်တင်ဘာ ၁၁ရက် ဒေသစံတော်ချိန် ည ၈နာရီ ၁၇မိနစ်က လွှတ်တင်ခဲ့ခြင်းဖြစ်ရာ ယခုအခါ ကမ္ဘာ့ပတ်လမ်းကြောင်းအတွင်း ရောက်ရှိခဲ့ပြီ ဖြစ်သည်။

၄င်းဂြိုဟ်တုမှာ အလေးချိန် လေးတန်ရှိပြီး မီချီဘီကီဟု အမည်ပေးထားသည်။ ၄င်းဂြိုဟ်တုကို H 2 A ဒုံးပျံက သယ်ဆောင်သွားပြီး ၂၈မိနစ်အကြာ၌ ဒုံးပျံမှခွဲထွက်သွားသည်။ ဂျပန်နိုင်ငံက အဆိုပါ ဂြိုဟ်တုကို သတင်းဆက်သွယ်ရေးကွန်ရက်အတွက် အဓိကအသုံးပြုမည် ဖြစ်သည်။ **(အင်တာနက်)**

ဗြိတိသျှတပ်ဖွဲ့ဝင်များ အာဖဂန်၌ဆက်ထားရှိရေး ဗြိတိသျှအောက်လွှတ်တော် မဲခွဲဆုံးဖြတ်

လန်ဒန် စက်တင်ဘာ ၁၃

အာဖဂန်နစ္စတန်နိုင်ငံ၌ ဗြိတိသျှတပ်ဖွဲ့ဝင်များအား ဆက်လက်ထားရှိရေးကိစ္စကို ဗြိတိန်ပါလီမန်က စက်တင်ဘာ ၁၁ရက် ညနေ၌ မဲခွဲဆုံးဖြတ်လိုက်သည်။

၂၀၀၁ခုနှစ်တွင် အာဖဂန်နစ္စတန် တာလီဘန်အစိုးရအား အမေရိကန်တပ်များက ကျူးကျော်တိုက်ခိုက်စဉ် ဗြိတိသျှတပ်ဖွဲ့ဝင်များမှာ အမေရိကန်တပ်ဖွဲ့ဝင်များနှင့်အတူ ဝင်ရောက်ခဲ့သော်လည်း အာဖဂန်နစ္စတန်နိုင်ငံ၌ ဗြိတိသျှတပ်ဖွဲ့ဝင်များ ဆက်လက်ထားရှိရေးနှင့် စပ်လျဉ်း၍ ဗြိတိန်အောက်လွှတ်တော်က ပထမအကြိမ်အဖြစ် ယခုကဲ့သို့ မဲခွဲဆုံးဖြတ်ခြင်းဖြစ်သည်။ အာဖဂန်နစ္စတန်နိုင်ငံ၌ ဗြိတိသျှတပ်ဖွဲ့ဝင်များ ဆက်လက်ထားရှိရေးကို ဗြိတိန်အောက်လွှတ်တော်က ထောက်ခံမဲ ၃၁၀၊ ကန့်ကွက်မဲ ၁၄မဲဖြင့် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ လောလောဆယ် ဗြိတိသျှတပ်ဖွဲ့ဝင် ၁၀၀၀၀ရှိနေသည်။ ၂၀၀၁ခုနှစ် နောက်ပိုင်း၌ အာဖဂန်နစ္စတန်နိုင်ငံ၌ သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင် ဦးရေ ၃၃၄ ဦးရှိသည်။ ၄င်းတို့အနက် ယခုနှစ်အတွင်း သေဆုံးသူ ၈၉ဦးရှိသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

မှောင်ခိုတင်သွင်းလာသော ဆင်စွယ်များ ဟောင်ကောင်ဆိပ်ကမ်း၌ ဖမ်းဆီးရမိ

ဟောင်ကောင် စက်တင်ဘာ ၁၃

ဟောင်ကောင်တွင် တန်ဖိုးအားဖြင့် ဟောင်ကောင်ဒေါ်လာ ၁ ဒသမ ၈၅သန်းဖိုးရှိ တရားမဝင်မှောင်ခိုတင်သွင်းလာသော ဆင်စွယ် ၃၈၄ချောင်းကို ဖမ်းမိထားကြောင်း ဟောင်ကောင် အကောက်ခွန်ဌာနက စက်တင်ဘာ ၁၁ရက်တွင် သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

တင်ဆောင်လာ

ယင်းဆင်စွယ်များကို တီစင်းယီဆိပ်ကမ်း၌ ကုန်တင်သင်္ဘော နှစ်စင်းပေါ်တွင် ပင်လယ်ဆိပ်ကမ်း အကောက်ခွန်အရာရှိများက ဝင်ရောက်ရှာဖွေရာမှ ဖမ်းဆီးမိခြင်းဖြစ်သည်။ ဆင်စွယ်များသည် အလေးချိန် ကီလို ၁၅၅၀ ရှိပြီး ငါးခြောက်သေတ္တာများဟု လိမ်လည်တင်ဆောင်လာခြင်းဖြစ်သည်။

မှောင်ခိုတင်သွင်းလာသူ အမျိုးသားနှစ်ဦးအား ဖမ်းဆီးထားကြောင်းနှင့် ၄င်းတို့အား မြို့ပြသွင်းကုန် ထုတ်ကုန် ဥပဒေအရ ဒဏ်ငွေ ဟောင်ကောင်ဒေါ်လာ နှစ်သန်း ဒဏ်ငွေရိုက်နိုင်ပြီး ထောင်ဒဏ်ခုနစ်နှစ်အထိ ချမှတ်နိုင်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အိန္ဒိယ၌ တောကြီးပျားများ အတုပ်ခံရပြီး ကလေးများသေဆုံး

နယူးဒေလီ စက်တင်ဘာ ၁၃

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဩရိသပြည်နယ်၌ စက်တင်ဘာ ၁၀ရက်က မိန်းကလေးတစ်ဦးအပါအဝင် ကလေးငယ် လေးဦးတို့သည် အဆိပ်ပြင်းသော တောကြီးပျားများ အတုပ်ခံရပြီး သေဆုံးခဲ့ရကြောင်း အိန္ဒိယနေ့စဉ်ထုတ်သတင်းစာက စက်တင်ဘာ ၁၂ရက်တွင် ရေးသားဖော်ပြသည်။

သေဆုံး

ပျားတုပ်ခံရသည့် ကလေးများအားလုံးသည် အသက်ရှစ်နှစ်အောက် ကလေးများဖြစ်ကြောင်း၊ ယင်းတို့သည် ဩရိသပြည်နယ် ကေးအွန်ဂျာခရိုင် ကျေးရွာတစ်ရွာ၌ ပြောင်းဖူးခင်းစောင့် တဲပေါ်တွင်ထိုင်နေစဉ် တောကြီးပျားများ၏ အတုပ်ခံရခြင်းဖြစ်ကြောင်း၊ ယင်းပျားများ အတုပ်ခံရ၍ လေးနှစ်အရွယ်ယောကျ်ားလေးမှာ နေရာ၌ပင် ပွဲချင်းပြီး သေဆုံးခဲ့ကာ နှစ်ဦးမှာဆေးရုံသို့အသွား လမ်းတွင်သေဆုံးခဲ့ကြောင်း၊ တစ်ဦးမှာဆေးရုံပေါ်တွင် သေဆုံးခဲ့ရကြောင်း သတင်း၌ဖော်ပြသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

တောင်အာရှကိုယ်စားပြု ကမ္ဘာ့ငြိမ်းချမ်းရေးပွဲတော် နီပေါ၌ ကျင်းပမည်

ခတ္တမန္ဒူ စက်တင်ဘာ ၁၃

နီပေါနိုင်ငံက တောင်အာရှကို ကိုယ်စားပြုသည့် ကမ္ဘာ့ငြိမ်းချမ်းရေးပွဲတော်ကို လက်ခံကျင်းပမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် စက်တင်ဘာ ၁၂ရက်က ဖော်ပြပါရှိသည်။

တစ်ချိန်တည်းတွင် တိုက်ကြီးလေးတိုက်၌ တစ်ပြိုင်တည်းကျင်းပမည့် ငြိမ်းချမ်းရေးပွဲတော်များအနက် တောင်အာရှကိုယ်စားပြုပွဲတော်ကို နီပေါနိုင်ငံက တာဝန်ယူကျင်းပရန် အခွင့်အရေး ရရှိခြင်းဖြစ်ကြောင်း တနင်္ဂနွေနေ့ထုတ် ခတ္တမန္ဒူပို့စ် နေ့စဉ်ထုတ်သတင်းစာက ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်ရေတပ်သင်္ဘောနှစ်စင်း တောင်ပစိဖိတ်နိုင်ငံများသို့ ထွက်ခွာ

အော့ကလန် စက်တင်ဘာ ၁၃

တောင်ပစိဖိတ်နိုင်ငံများတွင် လေးရက်ကြာလည်ပတ်ရန်အတွက် တရုတ်ရေတပ် သင်္ဘောနှစ်စင်းသည် နယူးဇီလန်နိုင်ငံ အော့ကလန်မြို့ ဆိပ်ကမ်းသို့ စက်တင်ဘာ ၁၂ရက်က ဆိုက်ကပ်ကြောင်း အင်တာနက် သတင်းတစ်ရပ်၌ ဖော်ပြသည်။

၁၉၇၂ ခုနှစ်မှစတင်ကာ တရုတ်နှင့် နယူးဇီလန်နှစ်နိုင်ငံ သံတမန်ဆက်ဆံမှုကာလအတွင်း တရုတ်ရေတပ်သင်္ဘောများ စတုတ္ထအကြိမ်မြောက် ရောက်ရှိခြင်းဖြစ်သည်ဟုဆိုသည်။

ကြိုဆိုလက်ခံ

အဆိုပါ တရုတ်အလံတင် ရေတပ်သင်္ဘောကို နယူးဇီလန် ပင်လယ်ရေကြောင်းဆိုင်ရာ ရေတပ်မှ တပ်မှူး ရို့စ်စမတ်၊ နယူးဇီလန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဟူကျန်ဂူနှင့် တရုတ်ပင်လယ်ရပ်ခြားအဖွဲ့တို့က လှိုက်လှဲစွာ ကြိုဆိုလက်ခံခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။

အထောက်အကူပြု

တရုတ်နှင့် နယူးဇီလန်နှစ်နိုင်ငံအကြား စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကို အထောက်အကူဖြစ်စေရန်၊ ကမ္ဘာ့တစ်ဝန်း နိုင်ငံများ သင့်မြတ်စွာ နေထိုင်ရေးနှင့် ပင်လယ်သမုဒ္ဒရာ၌ အကြမ်းဖက်မှု နှိမ်နင်းရေးတို့ကို ကြိုးပမ်းအားထုတ်ရန် တစ်စိတ်တစ်ဒေသ ပါဝင်သည်ဟုဆိုသည်။ တရုတ်ရေတပ်သင်္ဘောများ၏ တောင်ပစိဖိတ်ဒေသ ခရီးစဉ်များတွင် ပါပူဝါးနယူးဂီနီနိုင်ငံ၊ ဗင်နွာတူနိုင်ငံနှင့် တွန်ဂါနိုင်ငံတို့ပါဝင်ပြီး ၄င်းနိုင်ငံများမှတစ်ဆင့် ဩစတြေးလျသို့ ဆက်လက်ထွက်ခွာမည် ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)** **အမ်အင်န်အေ၊ဆင်ဟွာ**

အုန်းသီးစားပြီးအသက်ဆက်ခဲ့သည့် ကျွန်းပေါ်မှ တံငါသည်

ဆစ်ဒနီ စက်တင်ဘာ ၁၃

ပါပူဝါးနယူးဂီနီနိုင်ငံမှ အသက် ၂၀ အရွယ်ရှိ တံငါသည် လူငယ်တစ်ဦးသည် ပင်လယ်အတွင်း၌ ၄င်း၏လှေပျောက်ဆုံးပြီးနောက် သီတင်းသုံးပတ်ခန့် ကျွန်းတစ်ကျွန်း၌ သောင်တင်နေခဲ့ရာမှ အုန်းသီးများစားသုံးပြီး အသက်ရှင်သန်ခဲ့ရသည်ဟု ပါပူဝါးနယူးဂီနီ အရာရှိများက စက်တင်ဘာ ၁၃ရက်တွင် ပြောကြားသည်။ **(ယာပုံ)**

ပျောက်ဆုံး

ဘီနီဒက်ဂျောအမည်ရှိ တံငါသည် လူငယ်သည် ပင်လယ်ပြင်တွင် တူနာငါးများဖမ်းဆီးရန် ပြီးခဲ့သည့် ဩဂုတ် ၂၂ရက်က ထွက်ခဲ့ရာ လေပြင်းများ တိုက်ခတ်မှုနှင့် ကြုံတွေ့ခဲ့ရပြီး ၄င်း၏ ငါးဖမ်းလှေမှာ ပျောက်ဆုံးခဲ့ရသည်။

ဘီနီဒက်ဂျောသည် ပင်လယ်ပြင်ကို ဖြတ်ကူးကာ အနီးရှိ လူသူမနေသော ကျွန်းတစ်ကျွန်းသို့ ရောက်ရှိခဲ့သည်။ ကျွန်းပေါ်တွင်နေထိုင်စဉ် အုန်းသီးများစားသုံးပြီး မိုးရေများကို သစ်ရွက်များဖြင့်ခံယူကာ သောက်သုံးခဲ့ရသည်။ ၄င်းကျွန်းပေါ်၌ အခြားသီးနှံများရှာမတွေ့သဖြင့် အုန်းသီးများကို ခူးကာ ထုခွဲစားသုံးခဲ့ရသည်။

တစ်ဖန် ညအချိန်အိပ်စက်ရာတွင်လည်း မိုးသည်းထန်စွာရွာသွန်းနေသဖြင့် ငှက်ပျောရွက်များဖြင့် အမိုးပြုလုပ်ကာ အိပ်စက်ခဲ့ရကြောင်း၊ လေတိုက်သဖြင့် ငှက်ပျောရွက်အမိုးများ မကြာခဏလွင့်ထွက်ခဲ့မှုနှင့် ကြုံတွေ့ခဲ့ရကြောင်းသိရသည်။

နောက်ဆုံး သီတင်းသုံးပတ်အကြာတွင် ဩစတြေးလျ ကုန်တင်သင်္ဘောတစ်စင်းက တွေ့ရှိကာ ကယ်ဆယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၄င်းကုန်တင်သင်္ဘောမှာ တရုတ်နိုင်ငံသို့ ကုန်များတင်ပို့ပြီးနောက် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့သို့ အပြန်တွင် ဘီနီဒက်ဂျောအား တွေ့ရှိခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။ ဘီနီဒက်ဂျောသည် ပါပူဝါးနယူးဂီနီနိုင်ငံမှ ၅၆မိုင်ခန့်အကွာ၌ လေပြင်းတိုက်ခတ်မှုခံရပြီး ကျွန်း၌သောင်တင်နေခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

နေတိုးအဖွဲ့ မောင်းသူမဲ့လေယာဉ် အာဖဂန်အရှေ့ပိုင်း၌ တိုက်ခိုက်၍ ငါးဦးသေဆုံး

ကဘူးလ် စက်တင်ဘာ ၁၃

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း၌ နေတိုးတပ်ဖွဲ့ဝင်များက မောင်းသူမဲ့လေယာဉ် အသုံးပြုတိုက်ခိုက်ခဲ့သဖြင့် တာလီဘန်ခေါင်းဆောင်တစ်ဦး အပါအဝင် ငါးဦးသေဆုံးခဲ့ရကြောင်း စက်တင်ဘာ ၁၂ ရက်က နေတိုးအဖွဲ့၏ ကြေညာချက်၌ ဖော်ပြသည်။

အသုံးပြု

နေတိုးအဖွဲ့က အာဖဂန်အရှေ့ပိုင်း နန်ဂါဟာပြည်နယ်ရှိ ကျေးရွာတစ်ရွာပေါ်သို့ ပစ်မှတ်ထားလျက် စက်တင်ဘာ ၁၁ ရက် ညပိုင်းက မောင်းသူမဲ့လေယာဉ် အသုံးပြုတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

နေတိုးတပ်ဖွဲ့ဝင်များက တာလီဘန်တို့၏ နေထိုင်ရာဒေသများကို မကြာခဏ လေကြောင်းမှ တိုက်ခိုက်နေ၍ အရပ်သားများ သေဆုံးလျက်ရှိကြောင်း သိရသည်။

(အင်တာနက်)

ညောင်တုန်းတံတား တည်ဆောက်ခြင်းစီမံကိန်း
တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက ဟင်္သာတမြို့ လယ်တော်ကျေးရွာရှိ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ပွဲရုံစခန်းတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ဟင်္သာတမြို့နယ် အင်းခဝယ်ကျေးရွာ မိုးစပါးမြေသြဇာ ကြဲပက်ပွဲသို့ တက်ရောက်အားပေးပြီး ဟင်္သာတ-စက္ကော့(ညောင်တုန်း) ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်ကို ရောက်ရှိကာ တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မအူပင်စက္ကူစက်ရုံ

ဆက်လက်၍ တိုင်းမှူးသည် မအူပင်စက္ကူစက်ရုံသို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို စစ်ဆေးပြီးနောက် **(အပေါ်ယာပုံ)** စက်တင်ဘာ ၇ရက်တွင် မအူပင်-တွံတေးလမ်း လမ်းပြုပြင်ဆောင်ရွက်နေမှု၊ညောင်တုန်းမြို့နယ် သဇင်ရေကျော်ကျေးရွာ မွေးမြူရေးကန်များ၌ ငါး၊ ပုစွန်မွေးမြူထားရှိမှုနှင့် အိမ်မဲမြို့ ရန်ကုန်-ပုသိမ်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၊ အိမ်မဲချောင်းကူး တံတားတည်ဆောက်ရေး လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် အိန္ဒိယသံအမတ်ကြီး တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Dr. V.illur Sundararajan Seshadri တို့သည် စက်တင်ဘာ၃ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံးခန်းမ၌တွေ့ဆုံပြီး နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စများကို ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေး၊ တွဲဖက် အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်နှင့် ဒေါက်တာပွင့်ဆန်းတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးစပါး ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး သုံးခွမြို့နယ်တွင် နည်းပညာပေးဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် မိုးစပါး ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး နည်းပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၇ရက် နံနက်၁၁နာရီက ကံမြင့်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ကျင်းပသည်။

ဆွေးနွေးပွဲတွင် သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးခင်ဇော်ဝင်းက နည်းပညာဆွေးနွေးပွဲ ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယတိုင်းမန်နေဂျာ ဦးမျိုးညွန့်က မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး နည်းပညာများကို ဆွေးနွေးဟောပြောပြီး ရန်ကုန်တိုင်းဒေသကြီး သီးနှံကာကွယ်ရေး တာဝန်ခံ ဦးမြင့်ကြည်၊ သီးနှံကာကွယ်ရေးဌာန(ရုံးချုပ်)မှ ပေါင်းမြက်ကာကွယ်ရေးတာဝန်ခံ ဒေါ်အေးအေးမာ၊ ဖြုတ်ပိုးကာကွယ်နှိမ်နင်းရေးပညာရှင် ဒေါက်တာစန်းစန်းဝင်း၊ ပိုးမွှားကာကွယ်ရေးပညာရှင် ဒေါက်တာခင်ညွန့်ရည်တို့က ပိုးမွှားရောဂါနှင့်ကာကွယ်နှိမ်နင်းနည်းပညာများကို ဆွေးနွေးဟောပြောသည်။

အဆိုပါဆွေးနွေးပွဲကို ပုလဲ၊ ကံမြင့်၊ သိုက်တူးကန် ကျေးရွာများမှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် တောင်သူလယ်သမားများ တက်ရောက်ကြသည်။ **(၁၂၄)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၄-၉-၂၀၁၀

(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ လယ်တီဆရာတော်ကြီး၏ထေရုပ္ပတ္တိ **မိုက်မလင်းနိုင်လို့ မြိုက်ခင်းညာစီမှာ**
၇း၁၅ ၄။ ဓမ္မပူဇာတေး
၇း၂၀ ၅။ မျိုးချစ်တပ်မတော်
၇း၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅း၂၅ ၈။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
၅း၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀ ၁၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးသောက်ကြယ်** (အပိုင်း-၁၈)
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၃။ လျှပ်တစ်ပြက်
၆း၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်ကြိုးယှက်နွယ်** (အပိုင်း-၇)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ မွေးမြူသုတ
၂၁။ ဟာသရုပ်စုံ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တိမ်လွှာကြားက သိုင်းသမား** (အပိုင်း-၁၅)
၂၄။ **Mini Series**

မော်လမြိုင်မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင် ဒုရဲအုပ် အောင်နိုင်က စက်ဘီးစီးသူများနှင့် ခြေကျင်လျှောက်သူများ လိုက်နာရမည့် စည်းကမ်းချက်များနှင့်ဆိုင်ကယ်စီးသူများ လိုက်နာရမည့် စည်းကမ်းချက်များကို ဩဂုတ် ၂၂ ရက်က အထက(၆)၌ ပညာပေးဟောပြောစဉ်။ (၀၁၄)

သူနာပြုစုမှုနှင့် ဆေးပညာဆိုင်ရာ ဆွေးနွေးဟောပြော

ရန်ကုန် စက်တင်ဘာ ၁၃

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းနှင့် Mo.Asia Co., Ltd. (DUMEX)တို့ ပူးပေါင်းကျင်းပသည့်အသင်းဝင်သူနာပြုများ၊ သားဖွားများနှင့် ကျန်းမာရေး ဆရာဆရာမများအတွက် သူနာပြုစုမှု ပညာရည်ဖွံ့ဖြိုးတိုးတက်ရေး၊ သူနာပြုစုမှုနှင့် ဆေးပညာဆွေးနွေးဟောပြောပွဲ (Building Better People Seminar)ကို စက်တင်ဘာ ၁၂ရက် နံနက် ၉နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ရန်ကုန်သူနာပြုတက္ကသိုလ်(ပင်မ)ခန်းမဆောင်၌ကျင်းပသည်။

လက်ခံ

ရှေးဦးစွာမြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း ဒုတိယဥက္ကဋ္ဌ(၁) ဆေးသိပ္ပံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး(သူနာပြု) ဒေါ်နွဲ့နွဲ့ခင်က အမှာစကားပြောကြားပြီး Mo.Asia Co.,Ltd.(DUMEX)မှ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းသို့ လှူဒါန်းသည့်ငွေကျပ်နှစ်သိန်းကိုလက်ခံသည်။

ဆွေးနွေးဟောပြော

ထို့နောက် မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းဒုတိယဥက္ကဋ္ဌ(၂)ပါမောက္ခ ဒေါ်ရင်မြကသူနာပြုသားဖွားနှင့် ကျန်းမာရေးဆရာ ဆရာမများ လိုက်နာစောင့်ထိန်းကျင့်ကြံရမည့် ကျင့်ဝတ်အကြောင်းကိုလည်းကောင်း၊ အသင်းအတွင်းရေးမှူး ကျန်းမာရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(သူနာပြု) ဒေါ်ရီရွှေက စံပြုလိုက်နာတတ်သိကျွမ်းကျင်နေရမည့် သူနာပြုစုမှု အရည်အသွေးအကြောင်းကိုလည်းကောင်း၊ Mo. Asia Co., Ltd. (DUMEX)မှ Senior Nutrition Advisor ဒေါက်တာ ဒေါ်ထက်ထက်အောင်က ကလေးငယ်များ ကိုယ်ခံစွမ်းအားမြင့်မား ဉာဏ်ရည်ထက်မြက် ဖွံ့ဖြိုးတိုးတက်ရေးအကြောင်းကိုလည်းကောင်း ဆွေးနွေးဟောပြောကြသည်။

ယင်းနောက် Mo. Asia Co., Ltd. (DUMEX) မှ တာဝန်ရှိသူများနှင့် DUMEX Brand Ambassador ရုပ်ရှင်သရုပ်ဆောင်ဒါရိုက်တာ အကယ်ဒမီလူမင်းတို့က ဉာဏ်စမ်းပဟေဠိ အဖြေညှိခြင်း၊ ပျော်ရွှင်စရာဂိမ်းကစားခြင်းနှင့် ကံစမ်းမဲ ကံထူးရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။
(ဝဲပုံ) (သတင်းစဉ်)

စာပေဗိမာန်ထုတ် သုတပဒေသာစာစောင် ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၃

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေသော စက်တင်ဘာလထုတ် သုတပဒေသာစာစောင် အတွဲ(၃၇)၊ အမှတ်(၉)ကို ဘာသာပြန်စာပေစိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ယခုအပတ်ထုတ် သုတပဒေသာစာစောင်တွင် ပါရဂူ၊ မြတ်ငြိမ်း၊ မောင်ပေါ်ထွန်း၊ ဒေါက်တာကျော်စိန်၊ဒေါက်တာခင်မောင်ညွန့်၊ မောင်မြင့်ကြွယ်၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ မြသိန်း၊ အောင်ချိန်ဘွား၊ ဒေါက်တာမြင့်သန်း(သန္တေသား)၊ ချိုးဖြူခင်၊ ခင်စောတင့်၊ မင်ကြော့ရှိန်၊ ခင်မောင်ခြိမ့်၊ အငြိမ်းစားပါမောက္ခတစ်ဦး၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ကေကေ (မဟာဝိဇ္ဇာ)၊ ကံမြင့်(ရေဒါ)၊ မောင်ဝင်းသူ(ဝါးခယ်မ)၊ မှူးခင်(ရွှေပြည်သာ)၊ ဆန်းလွင်ဦး(နေပြည်တော်)၊ ဒေါက်တာကေ၊ စိန်ဝင်းမော်၊ ခင်မောင်ကြီး၊(ကြေး/မြေ)၊ တက္ကသိုလ်မိုးမြင့်၊ ကျော်ရှင်း၊ မောင်လှိုင်းသစ်၊ စိုးသီဟနောင်၊ မြင့်ဦးမောင်၊ ဒေါက်တာလွမ်းမိုးဟန်၊ လှတိုး(စိတ်ပညာ)၊ လေးဝတီကျော်၊ မြတ်လေးဖြူ၊ ပွင့်သစ်ဦး(ရတနာပုံ)၊ ခင်မျိုးသွေး၊ သူဇာ၊ တက္ကသိုလ်မောင်တံခွန်၊ မောင်တင်ဦး(ရက္ခ)၊ ထွန်းဝင်းဦး (ဆေး-၂)၊ ထက်မြက်(စမ်းချောင်း) စသည့်စာရေးဆရာများ၏ ဘာသာပြန်ကဗျာ၊ ဆောင်းပါးနှင့် ဝတ္ထုများပါဝင်သည်။

အဆိုပါစာစောင်တွင် အံ့ဖွယ်ရာ ဗုဒ္ဓဝင်ပန်းတမော့၊ ဖိစီးမှုနှင့် စိတ်ငြိမ်းချမ်းမှု၊ ဇရာစိတ်ပညာ၊ အဏ္ဏဝါရဲ့နယ်နိမိတ်အဆုံး၊ အချိန်ကိုအကျိုးရှိစွာအသုံးချပါ၊ ထူးချွန်ပြောင်မြောက်သော မန်နေဂျာများ၊ ဂျီပီအက်စ်ဆိုသည်မှာ၊ သင့်ကလေးချက်သွေး၊ ဗီတာမင်-ဒီ စကားရည်လုပွဲ၊ ကိုယ့်အသက်ကိုယ်ကယ်တဲ့ ဆီးချိုရောဂါသည်၊ သက်ရှည်ကျန်းမာသင့်ဝန်တာ၊ ဆန်းသစ်ဖွေရှာ ဆေးပညာ၊ နိုင်ငံတကာသတင်းမှတ်စု၊ ဓာတ်မြေသြဇာသုံးစွဲမှု၊ ကမ္ဘာ့အကြီးဆုံးပန်းတစ်ပွင့်၊ ခေတ်သစ်တရုတ်ပန်းချီဖခင်ကြီး၊ အကောင်းဆုံးလူငယ်ကစားသမား ရွှေဖိနပ်ဆုရှင်၊ ဘောလုံးလောက အဆိုအမိန့်များ၊ ဖတ်သမျှ ဒဿန၊ ဝေါဟာရကြွယ်ပါစ၊ အင်္ဂလိပ်စကားပုံ၊ ဘာသာပြန်စာအုပ်စင်၊ တရုတ် နက္ခတ္တဗေဒင်နှင့် လစဉ်ပါနေကျ ဘာသာပြန်ကဗျာ၊ ဟာသ၊ ထူးဆန်းထွေလာ ဤမြေကမ္ဘာ၊ ကမ္ဘာ့မူးယစ်ဆေးဝါးသတင်း စသည့် ဗဟုသုတဖြစ်ဖွယ်၊ သိမှတ်ဖွယ်ရာ သုတ၊ ရသ အကြောင်းအရာမျိုးစုံ ပါရှိသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၈၀၀နှုန်းဖြင့် နေပြည်တော်ခရိုင် သပြေကုန်းဈေးရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားဝယ်ယူလိုပါက စာပေဗိမာန်အရောင်းဌာန အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၃

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သော အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၂၄/၂၀၁၀) သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၀ရက် နံနက်၁၀နာရီက ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ နိုင်ငံခြားရေး ဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။ အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၂၄/၂၀၁၀)၏ သင်ခန်းစာတစ်ခုဖြစ်သော ဂုဏ်ပြုညစာစားပွဲ သရုပ်ပြအခမ်းအနားကိုလည်း ညနေ ၆နာရီခွဲက ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ကျင်းပသည်။ **(သတင်းစဉ်)**

တိုက်စစ်မှူးရှက်ဗ်ချင်ကိုနှင့် ခရစ္စတင်းတို့သည်. . . .

❖ စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ ❖

ရှီဗာ သို့မဟုတ် ချီဗာလို့ ချစ်စနိုးအမည်ခေါ်ကြတဲ့ ယူကရိန်းတိုက်စစ်မှူး ရှက်ဗ်ချင်ကိုဟာ အသင်းဟောင်းဖြစ်တဲ့ ဒိုင်နမိုကိဗ်အသင်းနဲ့ အငှားစာချုပ်နှစ်နှစ်ပြည့်ပါတော့မယ်။ အဲဒီနှစ်နှစ်ပြည့်ရင် အင်္ဂလန်ကိုမပြန်ချင်တော့ဘူးလို့ ဇနီးဖြစ်သူ ခရစ္စတင်းပါဇစ်က ယတိပြတ်ပြောနေပါတယ်။ ဒါ့ကြောင့် ရှက်ဗ်ချင်ကိုတစ်ယောက် စိတ်သောကရောက်နေရပြီ ဖြစ်ပါတယ်။

အီတလီစီးရီးအေ အေစီမီလန်အသင်းကနေပြီး ချယ်လ်ဆီးအသင်းကို ၂၀၀၆ခုနှစ် မေ ၂၈ရက်က ပြောင်းရွှေ့ကြေး ပေါင် ၃၀ ဒသမ စသန်းနဲ့ရောက်ရှိလာခဲ့တဲ့ ရှက်ဗ်ချင်ကိုဟာ ချယ်လ်ဆီးမှာ ခြေစွမ်းမပြနိုင်ခဲ့တာမို့ ပွဲထွက်ကစားသမားဖြစ်ရေး ရုန်းကန်ခဲ့ရသူပါပဲ။

ဆေးကုသ

ချယ်လ်ဆီးအသင်းမှာ ဂိုးသွင်းခြေစွမ်းတွေကျဆင်းပြီး အရန်တိုက်စစ်မှူး အဖြစ်နဲ့ ပွဲတိုင်းပါဝင် ကစားခွင့်မရခဲ့ပါဘူး။ ဒါ့ပြင်ဒူးခေါင်းနဲ့ ခြေချင်းဝတ်ဒဏ်ရာတွေ ရရှိခဲ့လို့ ရက်ရှည်အနားယူ ဆေးကုသနေခဲ့ရပြန်ပါတယ်။ ဒါကြောင့် ချယ်လ်ဆီးမှာ တိုက်စစ်မှူးရှက်ဗ်ချင်ကိုဟာ နေရာပျောက်သလို ဖြစ်ခဲ့ရပါတယ်။ ရှက်ဗ်ချင်ကိုအတွက် ခြေစွမ်းပြနိုင်ဖို့နဲ့ အသင်းအတွက် ငွေကြေး ရရှိဖို့အတွက် ကလပ်ဟောင်းဖြစ်တဲ့ ယူကရိန်းကလပ် ဒိုင်နမိုကိဗ် အသင်းကို ၂၀၀၈ခုနှစ် ဩဂုတ် ၂၈ရက်က နှစ်နှစ်စာချုပ်နဲ့ အငှားချထားခဲ့ခြင်း ဖြစ်ပါတယ်။



ရှက်ဗ်ချင်ကိုနှင့် ဇနီးဖြစ်သူ ခရစ္စတင်း။

အင်္ဂလန်မှာ သုံးနှစ်ကျော်နေထိုင်လာခဲ့ပြီး အခြေတကျနေဖို့ စိတ်ကူးနေတဲ့ ရှက်ဗ်ချင်ကိုအား ဇနီးသည် ခရစ္စတင်းက အင်္ဂလန်ကို မပြန်လိုတော့ဘူးလို့ ပြောကြားနေတာမို့ အခက်တွေ့နေပါတယ်။ ခရစ္စတင်းဟာ ချယ်လ်ဆီးကလပ် တာဝန်ရှိသူတွေအပေါ် စိတ်နာကြည်းမှု ရှိနေခဲ့တယ်လို့ ဆိုပါတယ်။

ခရစ္စတင်းအနေနဲ့ အင်္ဂလန်ကို ပြန်လိုက်ရေး၊ မလိုက်ရေးဟာ အိမ်ထောင်ရေး ပြဿနာအထိ ရောက်ရှိသွားနိုင်တယ်လို့လည်း ဆိုနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှက်ဗ်ချင်ကိုဟာ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မှာ မော်ဒယ်တစ်ဦးနဲ့ ဇာတ်လမ်းတစ်ခုဖြစ်လုနီးပါး ရှိခဲ့တဲ့ အဖြစ်ကလည်း ရှိနေတယ်လို့ သတင်းတွေထွက်ခဲ့တာကြောင့် ခရစ္စတင်းဟာ အင်္ဂလန်မြေကို ခြေမချချင်တဲ့ ဆန္ဒ ဖြစ်နေတာပါပဲ။

နာမည်ကြီး

တကယ်တော့ ရှက်ဗ်ချင်ကိုနဲ့ ခရစ္စတင်းတို့ဟာ ၂၀၀၄ခုနှစ်က အီတလီနိုင်ငံ မီလန်မြို့ရဲ့ ပါတီပွဲတစ်ခုမှာ ဆုံတွေ့ခဲ့ကြတာ ဖြစ်ပါတယ်။ ခရစ္စတင်းဟာ အမေရိကန်မော်ဒယ်တစ်ဦးဖြစ်ပြီး စွဲမက်ဖွယ်ကိုယ်နေဟန်ထားကြောင့် နာမည်ကြီးခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။ ခရစ္စတင်းဟာ ရှက်ဗ်ချင်ကိုနဲ့ ၂၀၀၄ခုနှစ်မှာပဲ လက်ထပ်ခဲ့တာဖြစ်ပြီး အခုဆိုရင် သားနှစ်ဦးတောင် ရရှိနေပြီဖြစ်ပါတယ်။

ရှက်ဗ်ချင်ကိုနှင့် ဇနီးဖြစ်သူ ခရစ္စတင်းတို့ သားငယ်နှင့်အတူ။

ဇနီးဖြစ်သူခရစ္စတင်းဟာ အမေရိကန် မော်ဒယ်တစ်ဦးဖြစ်ပေမယ့် အမေရိကန်ကြေးစား ဘော့စ်ဘောကစားသမားဟောင်း မိုက်ပါဇစ်ရဲ့သမီးဖြစ်တာမို့ အားကစားသမားတွေကို ချစ်ခင်လေးစားမှုရှိနေတာပါပဲ။ ဒါပေမယ့် အခုအခါမှာတော့ လေးနှစ်အရွယ်နဲ့ သုံးနှစ်အရွယ် သားငယ်တွေရဲ့ သံယောဇဉ်၊ခင်ပွန်းသည်ဘောလုံးသမားတစ်ဦးရဲ့ သံယောဇဉ်တွေကို ဖြတ်တောက်မယ့် စကားတွေ ဆိုနေပြီဖြစ်ပါတယ်။

စိတ်ဝင်စားစရာ

ဒါကြောင့် အသက် ၃၄နှစ်ရှိပြီးဖြစ်တဲ့ ရှက်ဗ်ချင်ကိုနဲ့ အသက်၃၂နှစ် ရှိပြီဖြစ်တဲ့ ဇနီးဖြစ်သူ ခရစ္စတင်းတို့ရဲ့ အဖြစ်ကတော့ ရှက်ဗ်ချင်ကိုရဲ့ နှစ်နှစ်စာချုပ် ပြည့်တဲ့အခါ ဘယ်လို ခရီးဆက်ကြမလဲ ဆိုတာကတော့ စိတ်ဝင်စားစရာပါပဲ။ (အင်တာနက်)

မြင့်မောင်စိုး - ရေးသားသည်

ဒေးဗစ်ဘက်ခမ်း ဘောလုံးပြန်ကစားပြီ

လော့အိန်ဂျလိစ် စက်တင်ဘာ ၁၃

အင်္ဂလန်ဘောလုံးစတား ဒေးဗစ်ဘက်ခမ်းသည် စက်တင်ဘာ ၁၁ရက်က မေဂျာလိဂ် ဘောလုံးပြိုင်ပွဲ ကန့်လန့်ကာအဖွင့်တွင် သူ၏ အယ်လ်အေဂလက်ဆီ အသင်းနှင့်အတူ စတင်ပါဝင်ကစားခဲ့သည်။

ပါဝင်ကစား

ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်းသည် အယ်လ်အေဂလက်ဆီ အသင်းက ကိုလံဘတ်ခရူးစ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲတွင် ပါဝင်ကစားခဲ့ခြင်းဖြစ်သည်။ ဘက်ခမ်းသည် ပွဲပြီးရန် မိနစ် ၂၀အလိုတွင် လူစားလဲ ပါဝင်ကစားခဲ့ခြင်းဖြစ်သည်။ ဒေးဗစ်ဘက်ခမ်းသည် ၂၀၁၀ခုနှစ် မတ် ၁၄ရက်က အေစီမီလန်အသင်းတွင် အငှားသွားရောက်ကစားစဉ် ခြေဖနောင့်ကြော ပြတ်သွားခဲ့သဖြင့် လအတန်ကြာ ကုသမှုခံယူခဲ့ရသည်။ အင်္ဂလန်ကွင်းလယ်သစားသမားဟောင်းကြီး ဒေးဗစ်ဘက်ခမ်းအား အင်္ဂလန်အသင်းတွင် ပြန်လည်ပါဝင်ကစားရန် နည်းပြကာပယ်လိုက အရိပ်အမြွက် ပြောကြားလျက်ရှိသည်။

(အင်တာနက်)

ယူအက်စ်အိုးပင်းတင်းနစ်ဗိုလ်လုပွဲ ဒီဂျိုကိုဗစ် ယှဉ်ပြိုင်မည်

နယူးယောက် စက်တင်ဘာ ၁၃

ဆားဘီးယားတင်းနစ်ကစားသမား နိုဗက်ဒီဂျိုကိုဗစ်သည် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် ကမ္ဘာ့နံပါတ် (၂) အဆင့်ရှိ ရော်ဂျာဖက်ဒဲယားအား အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီ ဖြစ်သည်။

တက်ရောက်

ထို့အတူ စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်ကလည်း ရုရှားတင်းနစ်ကစားသမား မီခေးလ်ယုဇ်နီအား ၆-၂၊ ၆-၃၊ ၆-၄ ဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီ ဖြစ်သည်။

မျှော်လင့်

ဗိုလ်လုပွဲတွင် ကမ္ဘာ့နံပါတ်(၁) တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်နှင့် ဒီဂျိုကိုဗစ်တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ရာဖေးလ်နာဒယ်သည် ကြီးလေးကြီး ဂရင်းဆလမ်ပြိုင်ပွဲကြီး လေးခုစလုံးမှ ဖလားဆွတ်ခူးနိုင်သည့် သတ္တမ မြောက် တင်းနစ်ကစားသမားဖြစ်လာရန် မျှော်လင့်ထားသည်။ (အင်တာနက်)

ယနေ့ယှဉ်ပြိုင်မည့် ချန်ပီယံလိဂ်ပြိုင်ပွဲ တိုက်စစ်မှူးရွန်နေ ပါဝင်ကစားမည်

လန်ဒန် စက်တင်ဘာ ၁၃

စက်တင်ဘာ ၁၄ရက်(**ယနေ့**)တွင် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်အုပ်စုပြိုင်ပွဲ၌ တိုက်စစ်မှူးရွန်နေပါဝင်ကစားမည်ဖြစ်ကြောင်း မန်ယူနည်းပြ ဖာဂူဆန်က ပြောကြားလိုက်သည်။

မန်ယူနှင့် ရိန်းဂျားစ်အသင်းတို့သည် ချန်ပီယံလိဂ် အုပ်စုပြိုင်ပွဲအဖြစ် မန်ယူအိမ်ကွင်း အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ တိုက်စစ်မှူးရွန်နေသည် စက်တင်ဘာ ၁၁ရက်က အဲဗာတန်နှင့်ကစားခဲ့သည့်ပွဲတွင် မပါဝင်ခဲ့ခြင်းမှာ ရွန်နေ၏လူမှုရေးဝေဖန်ခံရမှုများမှ ကာကွယ်ရန်အတွက်ဖြစ်ကြောင်း နည်းပြဖာဂူဆန်က ဝန်ခံပြောကြားသည်။ (အင်တာနက်)

ကွင်းလယ်ကစားသမား မိုက်ကယ်ဘောလက် ယူရိုခြေစစ်ပွဲများနှင့် လွဲဦးမည်

ဘာလင် စက်တင်ဘာ ၁၃

ဂျာမနီအသင်းခေါင်းဆောင် မိုက်ကယ်ဘောလက်သည် ဝဲဘက်ဒူးခေါင်းထိခိုက်ဒဏ်ရာရသွားသဖြင့် လာမည့်လ ယူရို ၂၀၁၂ ခြေစစ်ပွဲအဖြစ် တူရကီနှင့် အမှတ်ပေးပြိုင်ပွဲတွင် ကိုင်ဇာစလော့တန်အသင်းတို့နှင့် ကစားမည့်ပွဲများ လွဲချော်မည်ဖြစ်ကြောင်း ဘေယာလေဗာကူဆင် အသင်းက ပြောကြားသည်။

အသက် ၃၃နှစ်ရှိ ကွင်းလယ်ကစားသမား မိုက်ကယ်ဘောလက်သည် ဘေယာလေဗာကူဆင်အသင်းနှင့် ဟန်နိုဗာအသင်းတို့ ကစားသည့်ပွဲတွင် ထိခိုက်ဒဏ်ရာရခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

မောင်ဇော်ဦး စုစည်းသည်

နာမည်ကျော် တရုတ်မင်းသမီးချော ကျန်ဇီယီ တရုတ်ပုံပြင်ကို အင်္ဂလိပ်ဘာသာဖြင့် ရုပ်ရှင်ရိုက်ကူးမည်

ပေကျင်း စက်တင်ဘာ ၁၃

တရုတ်နိုင်ငံမှ နာမည်ကျော် ရုပ်ရှင်မင်းသမီး ကျန်ဇီယီသည် တရုတ်ရိုးရာ ပုံပြင်တစ်ပုဒ်ဖြစ်သည့် မုလန်ကို အင်္ဂလိပ်စကားပြောရုပ်ရှင်အဖြစ် ရိုက်ကူးမည့်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း၊ ၎င်းဇာတ်ကားကို (နာမည်ကြီး Speed ဇာတ်ကားရိုက်ကူးခဲ့သူ) ဟောလိဝုဒ်ဒါရိုက်တာ ဂျန်ဒီဘွန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း၊ ထိုရုပ်ရှင်သည် တိုက်ပွဲအတွင်း ဖခင်နှင့်လူစားလဲ လိုက်ပါခဲ့သူ အမျိုးသမီးတစ်ဦး၏အကြောင်းကို ကျောရိုးပြုထားသည့် ဇာတ်ကားဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

*ထိုဇာတ်လမ်းကို ဒစ္စနေးကုမ္ပဏီက ၁၉၉၈ခုနှစ်တွင် ရုပ်ရှင်ရိုက်ကူးခဲ့ရာ ကမ္ဘာကျော်ခဲ့သည်။ ပြီးခဲ့သည့်နှစ်ကလည်း တရုတ်စကားပြောဇာတ်ကားအဖြစ် ရုပ်ရှင်ရိုက်ကူးခဲ့ပြီးဖြစ်ကြောင်း၊ ယင်းဇာတ်ကားကိုတရုတ်အရှေ့ပိုင်း၌ ယခုနှစ်တွင် စတင်ရိုက်ကူးမည်ဖြစ်ကြောင်း ရုပ်ရှင်ဇာတ်ကားထုတ်လုပ်သူ ခရစ္စတိုဖာဘရော့က ပြောကြားသည်။ မင်းသမီးကျန်ဇီယီသည် **Crouching Tiger, Hidden Dragon** ဇာတ်ကားဖြင့် နာမည်ကြီးလာပြီး အချိန်တိုအတွင်း အောင်မြင်လာသည့် ရုပ်ရှင်ကြယ်တစ်ပွင့်ဖြစ်သည်။ ယင်းနောက်ပိုင်း၌ ဟောလိဝုဒ်ရုပ်ရှင်ကားအချို့တွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။ မင်းသမီးသည် သူမ၏ ဇာတ်ရုပ်အတွက် မြားပစ်နှင့် အသတ်အပုတ်တို့ကိုလည်း သင်ယူလျက်ရှိသည်။ ကျန်ဇီယီ၏ မန်နေဂျာ လင်းလူးကပ်စ်က ယခုဇာတ်ကားသည် အမြဲအမှတ်ရနေမည့် ရုပ်ရှင်ကားတစ်ကားဖြစ်လာမည်ဟု မင်းသမီးက အပြည့်အဝ ယုံကြည်ထားကြောင်း ပြောကြားခဲ့သည်။* *(အင်တာနက်)*

ဒါရိုက်တာဆိုဖီယာကော့ပိုလာ ဗင်းနစ်ရုပ်ရှင်ထူးချွန်ဆုဆွတ်ခူး

ရောမ စက်တင်ဘာ ၁၃

*အမေရိကန် ရုပ်ရှင်ဒါရိုက်တာ ဆိုဖီယာကော့ပိုလာသည် ဖခင်ဖြစ်သူနှင့် သမီးဖြစ်သူတို့အကြား ဆက်ဆံရေးကို ဖော်ကျူးထားသည့် **Somewhere** ရုပ်ရှင်ဇာတ်ကားဖြင့် အီတလီနိုင်ငံ ရောမမြို့ ဗင်းနစ်ရုပ်ရှင်ပွဲတော်တွင် အမြင့်ဆုံးရုပ်ရှင်ထူးချွန်ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ အသက် ၃၉နှစ်အရွယ်ရှိ အမျိုးသမီး ဒါရိုက်တာ ကော့ပိုလာသည် ဒါရိုက်တာ ဖရန့်ဆစ်ဖို့ဒ်ကော့ပိုလာ၏ သမီးဖြစ်သည်။*

ဆွတ်ခူး

*သူမသည် ၂၀၀၃ ခုနှစ်ကလည်း **Lost in Translation** ဇာတ်ကားဖြင့် အကောင်းဆုံး အော်စကာ ရုပ်ရှင်ဇာတ်ညွှန်းဆု ဆွတ်ခူးနိုင်ခဲ့သည်။ ဗင်းနစ်ရုပ်ရှင်ပွဲတော်ကို ရောမမြို့၌ စက်တင်ဘာ ၁၁ရက်က (၆၇)ကြိမ်မြောက်အဖြစ် ကျင်းပခဲ့ကြောင်း သိရသည်။* *အမ်အင်န်အေ၊ဆင်ဟွာ*

အောင်မြေသာစံမြို့နယ် ရေစီးရေလာကောင်းမွန်ရေး မြို့တော်ဝန်ဦးဖုန်းဇော်ဟန် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၃

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးဖုန်းဇော်ဟန်သည် စက်တင်ဘာ၇ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် သင်္ဘောချောင်းမ အနောက်ဘက်လမ်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုနှင့် သီရိမင်္ဂလာဈေးရှေ့ ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အမှတ်(၁) ဘက်စုံစိုက်ပျိုးရေးနှင့်မွေးမြူရေးခြံအတွင်း ငွေချည်(၆) ချည်မျှင်ရှည်ဝါ စိုက်ပျိုးအောင်မြင်နေမှုနှင့် နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်ချီးမြှင့်

မြို့တော်ဝန်သည် စက်တင်ဘာ၈ရက်က ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသော နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားပြီး အထိမ်းအမှတ် ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲတို့၌ ဆုရကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရာသီဥတုပြောင်းလဲခြင်းနှင့် လာနီညာအကြောင်းသိကောင်းစရာများ သံဖြူဇရပ်၌ ပညာပေးဟောပြော

သံဖြူဇရပ် စက်တင်ဘာ ၁၂

သံဖြူဇရပ်မြို့နယ် ဘေးဒုက္ခဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ဝေါလ်ဗီးရှင်းမြန်မာ တို့ပူးပေါင်းစီစဉ်သည့် မြန်မာနိုင်ငံ၏လက်ရှိ ရာသီဥတုပြောင်းလဲခြင်းနှင့် လာနီညာ ရာသီဥတုအခြေအနေအကြောင်း သိကောင်း စရာများ အသိပညာပေး ဟောပြောပွဲကို မြန်မာနိုင်ငံမိုးလေဝသပညာရှင် ဒေါက်တာ ထွန်းလွင်က သံဖြူဇရပ်မြို့နယ်အတွင်း၌ စက်တင်ဘာ ၉ရက် နံနက်ပိုင်းက သံဖြူဇရပ် အထက(၁)ခန်းမ၌ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ပငကျေးရွာ ကျောင်း ဟောင်းမွှာရုံ၌လည်းကောင်း၊ စက်တင်ဘာ ၁၀ရက်တွင် ကျိုက္ခမီမြို့ လူထုရိပ်သာ၌ လည်းကောင်း ဟောပြောကြသည်။

(အပေါ်ပုံ)

မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်၏ ပညာပေးဟောပြောပွဲသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဝန်ထမ်းများ၊ စိုက်ပျိုးရေးတောင်သူများ၊ရေလုပ်ငန်း၊ ဆားလုပ်ငန်း လုပ်ကိုင်သူများ၊ ပတ်ဝန်းကျင်ကျေးရွာများမှ စိတ်ဝင်စားသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြော

ဟောပြောပွဲတွင် ဒေါက်တာထွန်းလွင်က မြန်မာနိုင်ငံ၏ ရာသီဥတု ပြောင်းလဲခြင်းနှင့် လာနီညာရာသီဥတု အခြေအနေများကို ပရိုဂျက်တာ ပြကွက်များဖြင့် ရှင်းလင်း ဟောပြောခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တောင်တွင်းကြီးမြို့နှင့် ကျွဲဖြူကန်ကျေးရွာ ဆက်သွယ်သည့် ကျေးလက်လမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို စက်တင်ဘာ ၅ရက်က မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးမောင်ဝင်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ် သတင်း ထွေတလာ

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ပညာရေးငွေစုငွေချေး သမဝါယမအသင်း စည်းဝေး

နေပြည်တော် စက်တင်ဘာ ၁၃

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ပညာရေးငွေစုငွေချေး သမဝါယမအသင်း လီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို စက်တင်ဘာ ၈ရက် နံနက်က ကျင်းပရာ သဘာပတိအဖြစ် ဥက္ကဋ္ဌဦးသန်းလင်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးကျော်ဝင်းက အမှာစကားပြောကြား၍ ငွေစာရင်းရှင်းတမ်းကို ဦးထွန်းရွှေကဖတ်ကြားပြီး အသင်းဝင်ဆရာ ဆရာမများ၏ သားသမီးများထဲမှ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်တန်း၌ ထူးချွန်စွာအောင်မြင်ခဲ့သူများအား အသင်းဥက္ကဋ္ဌက ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (ဇဇာ)**

မွန်ပြည်နယ်ပညာရေးမှူးရုံးက ကြီးမှူးကျင်းပသော ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မော်လမြိုင်မြို့နယ် ပညာရေးမှူးဒိုင်း အသက် ၁၃နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၂၈ရက်က ရာမည အားကစားပြိုင်ကွင်း၌ကျင်းပရာ ပြည်နယ်လက်ထောက်ပညာရေးမှူး(စီမံ) ဦးမင်းထွန်းတင်က အနိုင်ရရှိသွားသည့် ရွှေနတ်တောင် အခြေခံပညာအထက်တန်းကျောင်းအသင်းအား တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်ပေးအပ်စဉ်။ (၀၁၄)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု လက်တွေ့ချက်ပြုတ်သရုပ်ပြပွဲ ပျော်ဘွယ်မြို့နယ်၌ ကျင်းပ

ပျော်ဘွယ် စက်တင်ဘာ ၁၂

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် အာဟာရဖွံ့ဖြိုးရေး လက်တွေ့ချက်ပြုတ် သရုပ်ပြပြိုင်ပွဲ အခမ်းအနားကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ဩဂုတ်၁၂ရက်က ကျင်းပသည်။

တက်ရောက်

အခမ်းအနားကို ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်းကျင်းပရာ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်လှဝေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မော်မော်သန်းနှင့် အမှုဆောင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းလွင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကိုယ်ဝန်ဆောင်မိခင်များ တက်ရောက်ကြသည်။

ဟောပြော

ရှေးဦးစွာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန်းလွင်၊ မြို့နယ်မိခင်နှင့်ကလေးအသင်းဥက္ကဋ္ဌ ဒေါ်မော်မော်သန်းတို့က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ကျင်းပရခြင်းနှင့် မိခင်နို့စနစ်တကျ တိုက်ကျွေးခြင်းဆိုင်ရာများကို ပညာပေးဟောပြောသည်။

ဆက်လက်၍ အာဟာရပြင်ဆင်ချက်ပြုတ်မှု လက်တွေ့ သရုပ်ပြခြင်း **(အောက်ပုံ)**၊ အာဟာရချို့တဲ့ ကလေးငယ်များအား အာဟာရကျွေးမွေးခြင်း၊ ကိုယ်ဝန်ဆောင်များအား ကိုယ်ဝန်ဆောင်အားဆေးနှင့် သံဓာတ်ဆေးပြားများ၊ အိုင်အိုဒင်းဆားများ ထောက်ပံ့ပေးခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

ရေမြောင်းဆယ်ယူရှင်းလင်း

ရေးမြို့ ကျုံသိုက်ချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်း ဆယ်ယူ ရှင်းလင်းနေမှုကို စက်တင်ဘာ ၂ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးနေထွန်းအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ထွဋ်တို့ ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ခြင်ဆေးဖျန်း

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် စက်တင်ဘာ ၃ ရက်က စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်ရင်ရင်ရွှေနှင့် ဝန်ထမ်းများ ဈေးအကျိုးတော်ဆောင်အဖွဲ့နှင့် ပူးပေါင်း၍ စလင်းမြို့မဈေးအတွင်း ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
အင်ဂျင်နီယာသင်တန်းသားများ
အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၉)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ (လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ်(၅)ပေ၊ (၃)လက်မနှင့်ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး ၁၀-၉-၂၀၁၀ ရက်နေ့မှ စတင်၍ ၁-၁-၂၀၁၁ ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်း၊မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၃) ပုံကို ပူးတွဲ တင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်း အတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီအထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီအထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၂) ရက်နေ့တွင် ဖြေဆိုကြရမည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့ (တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည် အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များ တွင် ၃၀-၁-၂၀၁၁ မှ ၃၁-၁-၂၀၁၁ ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် (ကျပ်၄၅၀၀၀/-) ဒုတိယနှစ် (ကျပ်၄၆၀၀၀/-) ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက် တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက် တပ်မတော်တွင်အနည်းဆုံး(၁၀)နှစ်တာဝန်ထမ်းဆောင်ရမည်။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ရှန်းကျန့်ပြတိုက်တွင် ပြသထားသည့် ရှန်းကျန့်မြို့ သမိုင်းကြောင်းနှင့် အစိုးရနှင့် ပြည်သူတို့ ပူးပေါင်း၍ ရှန်းကျန့်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သည့် မှတ်တမ်းပြကွက်များကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ရှန်းကျန့်မြို့ရှိ HUAWEI TECHNOLOGIES CO., LTD. နှင့် ရှန်းကျန့်ပြတိုက်တို့သို့ ကြည့်ရှုလေ့လာ

နေပြည်တော် စက်တင်ဘာ ၁၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်းကျန့်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုတို့ လိုက်ပါလျက် စက်တင်ဘာ ၁၁ရက် နံနက်ပိုင်းတွင် ရှန်းကျန့်မြို့ရှိ HUAWEI TECHNOLOGIES CO.,LTD. နှင့် ရှန်းကျန့်ပြတိုက်တို့သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

14-9 (20).pmd 1 9/14/2010, 3:54 AM